# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ဒုတိယနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | မြင်းခြံမြို့နယ်ရှိ နည်းပညာကောလိပ်အား နည်းပညာတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းအုပ်ရာထူးလစ်လပ်ပါက အမြန်ဖြည့်ဆည်း နိုင်ရန်အတွက် မည်သို့သောမူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ပြင်ဆင်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၈ | မင်းဘူး(စကု)မြို့နယ်တွင် သင့်လျော်သော မြေနေရာ၌ အစိုးရ စက်မှုလက်မှုသိပ္ပံ(GTC)ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | ကနီမြို့နယ်ရှိ မုဋ္ဌော-ချိုင်-သရက်ပင်-မင်းမကျေးရွာချင်းဆက်လမ်းအား လမ်းတာချဲ့ နိုင်ရေးနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၅ |
| ၁၀ | မင်းတပ်-မတူပီလမ်းဖြစ်သည့် မင်းတပ်မြို့တွင်းလမ်းအားဆက်လက်ချဲ့ပေးရန်နှင့် လမ်းတာချဲ့ရန် အတွက် နောက်ဆုတ်ပေးခဲ့သော အိမ်နှင့် လမ်းမကြီး အကြားဖြစ်ပေါ်နေသည့် ချောက်နေရာများအား မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၇ |

| | | |
|---|---|---|
| ၁၁ | တောင်ကုတ်မြို့နယ်၊ ပန်းတင်းကျွန်းပေါ်ရှိ အရှေ့ဘက်-ပိန္နဲကိုင်း-ငမုန်းတိုင်း ကျေးရွာချင်းဆက် လမ်းအား မြေသားအမာခံလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၂ | စဉ့်ကူးမြို့နယ်အတွင်းရှိ ရွှေပြည်-ထုံးကြီးလမ်းပိုင်းအား ရာသီမရွေး သွားလာနိုင်သော ကျေးရွာချင်းဆက်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၅ |
| ၁၃ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း | ၂၉ |
| ၁၄ | ဦးဉာဏ်လင်း၊ ရွှေပြည်သာမဲဆန္ဒနယ်က တင်သွင်းသည့်နိုင်ငံတော်၏ မျိုးဆက်သစ်လူငယ် များအား ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ခိုင်မြဲစွာရရှိစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏အခြေခံနှင့် အဆင့်မြင့်ပညာရေး ကျောင်း များတွင် အခြေခံအသင်းအဖွဲ့များ သတ်မှတ်ဖွဲ့စည်း၍ အသင်းအဖွဲ့လိုက် အတန်း ကိုယ်စားလှယ်များ၊ ကျောင်းကိုယ်စားလှယ်များမှသည် ကျောင်းကောင်စီအထိ ဒီမိုကရေစီ နည်းကျအဆင့်ဆင့် ရွေးချယ်ဖွဲ့စည်း၍ ကိုယ်တိုင်ပါဝင် ဆောင်ရွက်သည့်စနစ် တစ်ရပ်ကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစ၍ အကောင်အထည်ဖော် စီမံဆောင်ရွက် ပေးရန်နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၈ |
| ၁၅ | ဦးဉာဏ်လင်း၊ ရွှေပြည်သာမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော် ၏ အဆုံးအဖြတ်ရယူခြင်း | ၆၉ |
| ၁၆ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း | ၇၅ |

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## (၁၄-၇-၂၀၂၀) (အင်္ဂါနေ့)  နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိန်မြင့်၊ မြင်းခြံ မဲဆန္ဒနယ်၏ **မြင်းခြံမြို့နယ်ရှိ နည်းပညာကောလိပ် အား နည်းပညာတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **အခြေခံပညာ အထက်တန်း ကျောင်းများတွင် ကျောင်းအုပ်ရာထူးလစ်လပ်ပါက အမြန်ဖြည့်ဆည်းနိုင်ရန် အတွက် မည်သို့သော မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ပြင်ဆင်ထား သည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **မင်းဘူး(စကု)မြို့နယ်တွင် သင့်လျော်သော မြေနေရာ၌ အစိုးရစက်မှုလက်မှုသိပ္ပံ GTI ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ကနီမြို့နယ်ရှိ မုဋ္ဌော-ချိုင်-သရက်ပင်-မင်းမကျေးရွာချင်းဆက်လမ်းအား လမ်းတာချဲ့နိုင်ရေးနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ **မင်းတပ်-မတူပီလမ်း ဖြစ်သည့် မင်းတပ်မြို့တွင်းလမ်းအား ဆက်လက်ချဲ့ပေးရန်နှင့် လမ်းတာချဲ့ရန်အတွက် နောက်ဆုတ်ပေးခဲ့သော အိမ်နှင့် လမ်းမကြီးအကြား ဖြစ်ပေါ်နေသည့် ချောက်နေရာများအား မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ်၊ ပန်းတင်းကျွန်းပေါ်ရှိ အရှေ့ဘက်-ဝိန္ဒုကိုင်း-ငမုန်းတိုင်း ကျေးရွာချင်းဆက်လမ်းအား မြေသားအမာခံလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာဦးဇော်ဝင်းမြင့်၊ စဉ့်ကူး မဲဆန္ဒနယ်၏ **စဉ့်ကူးမြို့နယ်အတွင်းရှိ ရွှေပြည်-ထုံးကြီးလမ်းပိုင်းအား ရာသီမရွေးသွားလာနိုင်သော ကျေးရွာ**

**ချင်းဆက်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က **“တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၇။ **“တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **“တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဦးဉာဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်က တင်သွင်းသည့် **“နိုင်ငံတော်၏ မျိုးဆက်သစ်လူငယ်များအား ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ခိုင်မြဲစွာ ရရှိစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏ အခြေခံနှင့် အဆင့်မြင့်ပညာရေးကျောင်းများတွင် အခြေခံအသင်း အဖွဲ့များ သတ်မှတ်ဖွဲ့စည်း၍ အသင်းအဖွဲ့လိုက် အတန်းကိုယ်စားလှယ်များ၊ ကျောင်း ကိုယ်စားလှယ်များမှသည် ကျောင်းကောင်စီအထိ ဒီမိုကရေစီနည်းကျ အဆင့်ဆင့် ရွေးချယ်ဖွဲ့စည်း၍ ကိုယ်တိုင်ပါဝင်ဆောင်ရွက်သည့် စနစ်တစ်ရပ်ကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစ၍ အကောင်အထည်ဖော် စီမံဆောင်ရွက်ပေးရန် နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း-

(က) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

( ခ ) ဦးတင်လှ၊ ခနုဖြူ မဲဆန္ဒနယ်၊

( ဂ ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၊

(ဃ ) ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး၊ မိုင်းရှူး မဲဆန္ဒနယ်၊

( င ) ဦးနေကျော်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်၊

( စ ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

(ဆ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

( ဇ ) ဒေါ်ချိုချိုဝင်း၊ မော်လိုက် မဲဆန္ဒနယ်၊

(ဈ ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ဒုတိယနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၄၀၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်း ၉၃.၇၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် တစ်ရက်၊

(၂) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် တစ်ရက်၊

(၃) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် တစ်ရက်၊

(၄) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် တစ်ရက်၊

(၅) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ခွင့် တစ်ရက်၊

(၆) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း ခွင့် တစ်ရက်၊

(၇) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဒေါက်တာတင်ငွေအောင် ခွင့် တစ်ရက်၊

(၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်နိုင်ဝင်း ခွင့် တစ်ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ချို ခွင့် တစ်ရက်နှင့်

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမင်းဦး ခွင့် တစ်ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၀ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြင်းခြံမြို့နယ်ရှိ နည်းပညာကောလိပ်အား နည်းပညာတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိန်မြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မြင်းခြံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ မြင်းခြံမြို့နယ်က နည်းပညာကောလိပ်ကို နည်းပညာတက္ကသိုလ်အဖြစ် အဆင့်မြှင့်ပေးနိုင်ခြင်းရှိ/မရှိ သိလိုခြင်းနှင့် ပတ်သက်တဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းပဲဖြစ်ပါတယ်။ အစိုးရနည်းပညာကောလိပ်(မြင်းခြံ)ကို ၂၀၀၄-၂၀၀၅ ပညာသင်နှစ်ကစပြီး စက်မှုလက်မှုသိပ္ပံ(မြင်းခြံ)အဖြစ် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀-၁-၂၀၁၇ ရက်နေ့မှာ အစိုးရနည်းပညာကောလိပ်(မြင်းခြံ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ စတင်ဖွင့်လှစ်ခဲ့တဲ့အချိန်က ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အထိ B.E သင်တန်းများအထိ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ AGTI သင်တန်းသားများကိုလည်း ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။ အခုအချိန်အထိ ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်မှာ AGTI ဒီပလိုမာ သုံးနှစ်သင်တန်းများကိုသာ

ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ B.E သင်တန်းသား ၃၈၇ ယောက်၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ B.E သင်တန်းသား ၂၃၉ ယောက်တို့ကို ဆက်လက် ပညာသင်ကြားပေးလျက်ရှိပါတယ်။ အစိုးရနည်းပညာကောလိပ်(မြင်းခြံ)ကနေ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ B.E ဘွဲ့ရ ၂၂၇၄ ဦး၊ B.Tech ဘွဲ့ရ ၂၆၀၉ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ M.E ဘွဲ့ရရှစ်ဦးကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ ပါတယ်။ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ AGTI ၈၄၀၈ ဦးကိုလည်း ပညာသင်ကြားပေးခဲ့ပါတယ်။ အစိုးရနည်းပညာကောလိပ်ရဲ့ မြေနေရာအကျယ်အဝန်းဟာ ၃၀.၇၁ ဧကရှိပြီး အခန်း ၄၄ ခန်းပါတဲ့ နှစ်ထပ်ခွဲပင်မစာသင်ဆောင်၊ အခန်း ၃၄ ခန်းပါ နှစ်ထပ်တိုးချဲ့ စာသင်ဆောင်၊ ဆရာဆရာမအဆောင် တစ်ထပ်ဆောင်သုံးဆောင်၊ ဆရာဆရာမအဆောင် လေးထပ်ဆောင်သုံးဆောင်၊ ကျောင်းသားအဆောင်သုံးထပ်နှစ်ဆောင်၊ ခြောက်ခန်းတွဲ ဝန်ထမ်း အိမ်ရာ တစ်ထပ်ဆောင်သုံးဆောင်စသဖြင့် ရှိကြပါတယ်။ သင်ကြား၊ စီမံဝန်ထမ်းအင်အား စုစုပေါင်း ၁၄၁ ဦးတိတိရှိပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ မြင်းခြံ၊ ခရမ်းက ကျောင်းသားကျောင်းသူ ၃၀၀ ခန့်ဟာ ဒီမှာ နည်းပညာကောလိပ်၊ တက္ကသိုလ်မရှိတဲ့အခါကျတော့ တခြားမြို့တွေက နည်းပညာတက္ကသိုလ်ကိုသွားပြီးတော့ ပညာသင်ကြားခဲ့ကြရပါတယ်။ သို့ဖြစ်ပါ၍ မြင်းခြံခရိုင်မှ နည်းပညာတက္ကသိုလ်သို့ တက်ရောက်ခွင့်ရှိသူများ မိမိဒေသမှာ ပညာဆက်လက်သင်ကြားနိုင်ရန် ဆရာဆရာမဦးရေ ပြည့်စုံခြင်း၊ ဆရာဆရာမအဆောင်၊ ကျောင်းသားအဆောင်နှင့် ဝန်ထမ်းအိမ်ရာ များ ပြည့်စုံမှုရှိခြင်း၊ စာသင်ဆောင်ပြည့်စုံမှုရှိခြင်း၊ လက်တွေ့သင်ကြားတဲ့ အလုပ်ရုံပြည်စုံမှုရှိခြင်း တို့ကြောင့် နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးပညာဦးစီးဌာနအောက်မှာရှိတဲ့ နည်းပညာ ကောလိပ်ကို နည်းပညာတက္ကသိုလ်(မြင်းခြံ)အဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ခြင်းရှိ/မရှိနဲ့ တိုးမြှင့်ပေးပါက မည်သည့်ပညာသင်နှစ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးမည်။ တိုးမြှင့်မပေးနိုင်ပါက မည်သည့်အတွက်ကြောင့် တိုးမြှင့်မပေးနိုင်သည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်

**မူကြမ်း**

ဥက္ကဋ္ဌကြီးမှတစ်ဆင့် မြင်းခြံခရိုင် ကျောင်းသားကျောင်းသူများနှင့် မိဘများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိန်မြင့်၏မေးခွန်းဖြစ်သော မြင်းခြံမြို့နယ်ရှိ နည်းပညာကောလိပ်အား နည်းပညာတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မန္တလေးတိုင်းဒေသကြီးမှာ ခရိုင်အားဖြင့် ခုနစ်ခရိုင်ရှိပါတယ်။ တစ်ခရိုင်အပါအဝင်ဖြစ်တဲ့ မြင်းခြံခရိုင်မှာ အစိုးရနည်းပညာကောလိပ်(မြင်းခြံ)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(မြင်းခြံ)၊ မန္တလေးခရိုင်မှာ အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး)၊ ပြင်ဦးလွင်ခရိုင်မှာ အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)၊ ညောင်ဦးခရိုင်မှာ အစိုးရစက်မှုလက်မှုသပ္ပံ(ကျောက်ပန်းတောင်း)၊ ကျောက်ဆည်ခရိုင်မှာ အစိုးရစက်မှုလက်မှုသိပံ္ပ(ကျောက်ဆည်)၊ မိတ္ထီလာခရိုင်မှာ အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)တို့ကို ဖွင့်လှစ်ထားပြီး သက်မွေးပညာရပ်များကို ပုံမှန်သင်တန်းနှင့် ဒေသနှင့်ကိုက်ညီတဲ့ ကာလတိုသက်မွေးပညာသင်တန်းများ လေ့ကျင့်ဆောင်ရွက်ပေးနေပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

**မူကြမ်း**

ဒီအဆင့်မြင့်တက္ကသိုလ်ပညာရပ်များအနေနဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ မန္တလေး တက္ကသိုလ်အပါအဝင် ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်လေးခု၊ နိုင်ငံခြားဘာသာသင်တက္ကသိုလ်တစ်ခု၊ စီးပွားရေးတက္ကသိုလ်တစ်ခု၊ နည်းပညာနှင့်ကွန်ပျူတာတက္ကသိုလ် ၁၁ ခု၊ ဒီဂရီကောလိပ်နှစ်ခု၊ အဝေးသင်တက္ကသိုလ်တစ်ခုနှင့် ပညာရေးကောလိပ်နှစ်ခုတို့ကို အဆင့်မြင့်ပညာကဏ္ဍအနေနဲ့ ဖွင့်လှစ် သင်ကြားပေးနေပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မြင်းခြံ နည်းပညာကောလိပ်ဟာ နည်းပညာနှင့်သက်မွေး၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်မှာ နည်းပညာနှင့်သက်မွေးအတွက်သာ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိတာဖြစ်သဖြင့် အဆင့်မြင့်ပညာ ကဏ္ဍအောက်မှာရှိတဲ့ နည်းပညာတက္ကသိုလ်ဖြင့် အဆင့်တိုးမြှင့်ပေးရန်တော့ လတ်တလော အစီအစဉ်မရှိသေးပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းအုပ်ရာထူးလစ်လပ်ပါက အမြန်ဖြည့်ဆည်း နိုင်ရန်အတွက် မည်သို့သောမူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ပြင်ဆင်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းရှိ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံးမင်္ဂလာပါ။ ကျွန်တော် ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်၏မဲဆန္ဒနယ်တွင် အစည်းအဝေးနားသည့်ကာလ လွှတ်တော် အတွေ့အကြုံရှင်းလင်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေးများကို ဆောင်ရွက်ရာမှာ ဒီမေးခွန်းမေးဖို့ ဖြစ်လာ ရပါတယ်။ မေးရခြင်းအကြောင်းအရင်းမှာ (၁) ကျောင်းအုပ်လစ်လပ်၍ ကျောင်းအုပ်ချုပ်ရေး လျော့နည်းနေခြင်း၊ (၂) လက်ရှိဆရာဆရာမတွေမှ ယာယီတာဝန်ထမ်းဆောင်စေခြင်းဖြင့်

သင်ကြားရေးပိုင်း အားနည်းလာခြင်း၊ (၃) လူထုယုံကြည်ကိုးစားမှုကို ရစေလိုခြင်း၊ (၄) မဲဆန္ဒရှင်ပြည်သူများ၏အသံဖြစ်ခြင်းတို့ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ဖြစ်ပွားပုံမှာ ကျိုက္ခမီအခြေခံပညာအထက်တန်းကျောင်းတွင် ယခင်ကျောင်းအုပ်ဆရာကြီးဦးစိုးဝင်းသည် ၁၂-၁-၂၀၁၈ ရက်နေ့မှစ၍ အငြိမ်းစားယူရန် ခွင့်လေးလခံစားသွားခဲ့ပါတယ်။ ယခုမေးခွန်းမေးရန်စီစဉ်သည်အထိကို အစားမဖြည့်နိုင်တာကြောင့် ကျောင်းအုပ်ချုပ်ရေးပိုင်း မည်မျှလျော့ရိလျော့ရဲဖြစ်နေသည်ကို ခန့်မှန်းနိုင်မှာဖြစ်ပါတယ်။ ဒီလစ်လပ်မှုကို သင်ကြားရေးမှာ အင်္ဂလိပ်ဘာသာသင်အထက်တန်းပြဆရာမဒေါ်ခင်စန်းယုကို ယာယီတာဝန်ပေးထား၍ အုပ်ချုပ်ရေးကတစ်ဖက်၊ သင်ကြားမှုကတစ်ဖက်ဖြစ်ရပြီးတော့ သင်ကြားမှုပိုင်းအားနည်းရပါတယ်။ ထိုပုံစံမျိုးကို စက်စဲကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် ၅-၅-၂၀၁၉ ရက်နေ့တွင် ယခင်ကျောင်းအုပ်ဒေါ်တင်တင်ဝင်း(အငြိမ်းစား) ခွင့်လေးလခံစားသည်မှ ယခုအထိကို အစားမဖြည့်ပေးနိုင်သည်ကို တွေ့ရပြန်ပါတယ်။ ယခုအထိလို့ပြောတာကျွန်တော်မေးခွန်းတင်တဲ့အချိန်အထိကို ပြောတာပါ။ ထပ်မံပြီးတော့ ပင်ရွာ အ.ထ.က၊ မုဒုံမြို့နယ်မှအ.ထ.က(၁)၊ (၃)၊ ကမာဝက် အ.ထ.က စသည်ဖြင့် ထပ်ပြီးတော့ကျောင်းအုပ်လစ်လပ်နေကြောင်းကို ကြားသိရပြန်ပါတယ်။ ကျွန်တော်က မြို့နယ်ပညာရေးမှူးရုံးနှင့် ပြည်နယ်ပညာရေးဝန်ကြီးတို့ထံကို ပေါင်းစပ်ညှိနှိုင်းရာတွင် ဤအဆင့်ရာထူးခန့်ခြင်း၊ နေရာအစားထိုးခြင်းများကို အခြေခံပညာဦးစီးဌာနရုံးချုပ်၏လုပ်ပိုင်ခွင့်ဖြစ်၍ ၎င်းတို့မှလည်း ဘာမှမတတ်နိုင်ပါ။ ကျွန်တော့်နည်းတူပဲတင်ပြထားပြီးလို့ ဖြေကြားမှုရရှိပါတယ်။ အခုကိစ္စမျိုးက ယခင်ကလည်း ဖြစ်နေကြလို့လည်းထပ်မံပြီးတော့ သိရပါတယ်။ ယခုအားနည်းချက်သည် အုပ်ချုပ်သူအစိုးရအပေါ်မှာ ပြည်သူလူထုမှအထင်အမြင် လွဲမှားစေနိုင်သောကိစ္စရပ် ဖြစ်ပါတယ်။ ဘာကြောင့်ဖြစ်ရလဲ။ နောင်ဒီလိုမျိုးမဖြစ်အောင် ဘယ်လိုမူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို ကြိုတင်ပြင်ဆင်စီစဉ်ထားသည်ကို မဲဆန္ဒရှင်ပြည်သူများနှင့်အတူ သိလိုပါသဖြင့် အခြေခံပညာအလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများတွင် ကျောင်းအုပ်ရာထူးလစ်လပ်ပါက မည်သည့်ခိုင်လုံသောအကြောင်းကြောင့် အမြန်ဖြည့်ဆည်း

ခြင်း မဆောင်ရွက်နိုင်ပါသလဲ။ နောင်ထိုသို့မဖြစ်ရန် မည်သည့်မူဝါဒ၊ လုပ်ထုံးလုပ်နည်းများချမှတ် ပြင်ဆင်ထားပါသနည်းဟု လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်များကိုယ်စား လေးစားစွာ မေးမြန်းလျက် ကျွန်တော့်၏မေးမြန်းခြင်းကို နိဂုံးချုပ်အပ်ပါတယ်။ ကိုယ်စိတ်ရွှင်လန်းချမ်းမြေ့ ကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဉာဏ်ဟိန်း၏မေးခွန်းဖြစ်သော အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းအုပ်ရာထူး လစ်လပ်ပါက မည်သည့်အကြောင်းကြောင့် အမြန်ဖြည့်ဆည်းခြင်း မဆောင်ရွက်နိုင်ပါသနည်း။ နောင်ထိုသို့မဖြစ်စေရန် မည်သို့မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ပြင်ဆင်ထားပါသနည်းဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှာ ယခုပညာသင်နှစ် စာရင်းအရ အခြေခံပညာအထက်တန်းကျောင်းပေါင်း ၃၀၁၃ ကျောင်း၊ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)ပေါင်း ၁၁၄၉ ကျောင်း၊ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းပေါင်းခုနစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၃၉၁၄ ကျောင်းရှိပြီး ယခုပညာသင်နှစ်မှာတော့ အထက်တန်းကျောင်းအုပ်ကြီး ၂၅၀၅ ဦး၊ အလယ်တန်းကျောင်းအုပ်ကြီး ၅၈၀၈ ဦးခန့်အပ် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး၏မေးမြန်းချက်ပါ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီအခြေခံပညာအထက်တန်းကျောင်း၊ စက်စဲအခြေခံပညာ

အထက်တန်းကျောင်းတို့အတွက် လိုအပ်သောကျောင်းအုပ်ကြီးများကို ၁၁-၁၂-၂၀၁၉ ရက်နေ့တွင် ပြောင်းရွှေ့ခန့်ထားပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှာ ကျောင်းအုပ်ရာထူးရွေးချယ်ရာမှာ B.Ed ဘွဲ့ရပြီး အထက်တန်းပြလုပ်သက်သုံးနှစ်ပြည့်ပြီးသော အထက်တန်းပြဆရာဆရာမများအား ပြန်တမ်းဝင်အရာရှိတိုးမြှင့်ဆောင်ရွက်ပေးနိုင်ဖို့အတွက် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများအား ယှဉ်ပြိုင်စာမေးပွဲစနစ်ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ဖြေဆိုထားတဲ့ စာမေးပွဲရမှတ်နဲ့ လုပ်သက်ပေါင်းပြီး ဦးစားပေးတန်းစီဇယားရေးဆွဲရပါတယ်။ ပြီးတော့မှ ဆန္ဒပြုရာထူးနေရာလစ်လပ်မှုအပေါ် မူတည်ပြီး ရာထူးတိုးရန် ဆောင်ရွက်ထားရခြင်းရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ဘဏ္ဍာရေးနှစ်တစ်ခုအတွင်း ခန့်ထားမယ့်ကျောင်းအုပ်ကြီးအရေအတွက်ကို ဘတ်ဂျက်ပါရန်ပုံငွေနှင့် လုံလောက်မှုရှိ/မရှိ စိစစ်ရပါတယ်။ အတည်ပြုချက်ရရှိပါက ပြည်ထောင်စုဝန်ကြီးရုံးမှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏အတည်ပြုချက်ကို ရယူဆောင်ရွက်ရပါကြောင်း တင်ပြအပ်ပါတယ်။

အခြေခံပညာအထက်တန်းကျောင်းများအတွက် ကျောင်းအုပ်များရွေးချယ်ရာတွင် B.Ed ဘွဲ့သို့မဟုတ် အလယ်တန်းကျောင်းအုပ်၊ လုပ်သက်နှစ်နှစ်ပြည့်ပြီးသော အလယ်တန်းကျောင်းအုပ်ကြီးတွေကို ၎င်းတို့၏လုပ်သက်ရမှတ် ကြီးစဉ်ငယ်လိုက်တန်းစီဇယားရေးဆွဲပြီး တိုးမြှင့်ခန့်ထားမည့်အရေအတွက်အား ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာဦးစီးဌာနရှိ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းများအတွက် ကျောင်းအုပ်ကြီးရာထူးများကို ရာထူးတိုး၊ ရာထူးပြောင်းရွှေ့အစီအစဉ်များအား ကျောင်းဖွင့်ရက်မတိုင်မီ သက်ဆိုင်ရာဦးစီးဌာန၏ရန်ပုံငွေလျာထားချက်အရလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်း၍လည်းကောင်း၊ ပုံမှန် တစ်နှစ်လျှင်တစ်ကြိမ် ဆောင်ရွက်ပေးနေသော်လည်း ယခုကဲ့သို့ ကျောင်းအုပ်ကြီးများ လိုအပ်ချက်အပေါ် မူတည်ပြီး ထပ်မံစိစစ်၍ ရာထူးတိုးမြှင့်ခြင်း

ဆောင်ရွက်မှုအကြိမ်ရေတိုးပြီး ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ဖြေကြားပေးသွားသော ဒုတိယဝန်ကြီးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့အခုအချိန်က ဒီမိုကရေစီစနစ်ကိုပြောင်းတဲ့အပြင်ကို ပညာရေးလည်း စနစ်သစ်ပြောင်းလဲနေတဲ့ကာလ ဖြစ်ပါတယ်။ ဒီလိုပြောင်းလဲတဲ့နေရာမှာ ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုက အထူးအရေးပါတဲ့ကဏ္ဍလည်းဖြစ်သလို အဲဒီလိုပူးပေါင်းပါဝင်လာဖို့အတွက်ဆိုတာ ပြည်သူလူထုရဲ့ ယုံကြည်မှုကို ဝန်ကြီးဌာနက တည်ဆောက်ဖို့လိုပါတယ်။ ခုနတုန်းက ဝန်ကြီးဖြေသွားတဲ့အတိုင်းပဲ လုပ်ငန်းအဆင့်တွေက များလွန်းလို့ လစ်ဟင်းသွားတာကို ကျွန်တော်မေးနေတာက နောင်မဖြစ်ဖို့အတွက်ကို ဘယ်လိုလုပ်မလဲလို့ မေးတာပါ။ ဖြစ်ပြီးသွားတဲ့ဟာတွေကို ကျွန်တော်အပြစ်မတင်ပါဘူး။ ဒါပေမဲ့လို့ အခုနကပြောသလို နှစ်ပေါက်ကြာလောက်အောင် ဖြစ်ရတာတော့ဖြင့် လုပ်ထုံးလုပ်နည်းအဆင့်များနေလို့လား။ ဒါမှမဟုတ်လို့ရှိရင်လည်း ခုနကပြောသလို စိစစ်မှုအားနည်းလို့လား။ တကယ်တော့ ဝန်ထမ်းတစ်ယောက် ပင်စင်သွားတော့မယ်ဆိုရင် ကြိုတွက်ထားပြီးသားပါ။ အဲဒီတော့ ကြိုလည်းတွက်ထားမယ်။ ကိုယ့်အလုပ်ကို တကယ်ကို တစ်စိုက်မတ်မတ်နဲ့ တာဝန်ယူတဲ့အတိုင်း ဆောင်ရွက်မယ် ဆိုလို့ရှိရင်တော့ ကျွန်တော်ထင်တယ် ဒီလိုလစ်ဟာမှုမရှိပါဘူး။ အဲဒီတော့ ကျွန်တော် မေးချင်တာက ခုနက ဖြေသွားသလိုပဲ နောင်မဖြစ်ဖို့အတွက်ကို ကြိုးစားသွားတာဆိုတာထက်ကို ဘယ်လို မူဝါဒချပြီးတော့ လုပ်ထုံးလုပ်နည်းတွေကို ဘယ်လိုပြောင်းလဲမလဲ။ ကျွန်တော်မေးတာက အဲဒါပါ။ ဒါကြောင့် ကျေးဇူးပြုပြီးတော့ ဆိုလိုချင်တာက ဗဟိုကချည်းပဲ ချုပ်ကိုင်ထားမလား။ ပြည်နယ်၊ တိုင်းဒေသကြီးတွေကို လုပ်ပိုင်ခွင့်ချပေးလိုက်တာမျိုး။ ဒုတိယအချက်အနေနဲ့ ရာထူးတိုးတဲ့ အချိန်မှာ

မေးတာတွေရှိပါတယ်။ ဒေသအကုန်လုံးသွားနိုင်သလားလို့မေးရင် ခုနကပြောလိုက်တဲ့ အလယ်တန်းကျောင်းအုပ်လုပ်သက်သုံးနှစ်ရှိသော်လည်းပဲ သူ့အတွက်က စားဝတ်နေရေး၊ ပြည်နယ်ခြား၊ တိုင်းဒေသကြီးခြား ပြောင်းသွားမှာကြောက်တဲ့အတွက်ကြောင့် ရာထူးတိုးမတင်ကြတာတွေကိုလည်း တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်ဆိုလိုချင်တာက ပြည်နယ်အတွင်း လစ်လပ်သွားတယ်။ ပြည်နယ်အတွင်းမှာပဲ ပြန်ချပေးတာမျိုး မူဝါဒပြောင်းဖို့ရှိသလားလို့ မေးခြင်းဖြစ်ပါတယ်။ ဒါလေးကိုတော့ ကျေးဇူးပြုပြီးတော့ တိတိကျကျဖြေကြားပေးစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုချက်ကို ကျွန်တော်တို့လေးစားစွာလိုက်နာပါမယ်။ နှစ်ပေါက်တယ်ဆိုတာလည်း ကျွန်တော်တို့အခုနကတင်ပြသလို ရာထူးတိုးဆောင်ရွက်ရာမှာ ကျောင်းဖွင့်ချိန်မတိုင်မီကာလမှာ တစ်နှစ်လျှင်တစ်ကြိမ်သာဆောင်ရွက်တဲ့အတွက် ကာလကွာဟမှုတစ်နှစ်နီးပါးဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒီအတွက်လည်း လိုအပ်ချက်ရှိတယ်ဆိုတာ ကျွန်တော်တို့လက်ခံပါတယ်။ အဲဒီတော့ ဒီနှစ်ပြုပြင်ပြောင်းလဲမှုအနေနဲ့ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာဆရာဆရာမများ ရာထူးတိုးပြောင်းကို ကိုယ်စားလှယ်တော်ကြီးလမ်းညွှန်သလိုပဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် သီးခြားလူမှုရေးဝန်ကြီးများဦးဆောင်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အထူးအားဖြင့် ပြည်နယ်ရှစ်ခုနှင့် တနင်္သာရီတိုင်းဒေသကြီးမှာတော့ လူမှုရေးဝန်ကြီးကိုယ်တိုင်ဦးဆောင်ပြီးတော့ ပြည်နယ်အတွင်း လိုအပ်ချက်ရှိတဲ့နေရာကို ပြည်နယ်အတွင်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဆရာမများထဲကမှ ရွေးချယ်စိစစ်ပြီး နေရာချထားလျက်ရှိပါတယ်။ အဲဒီတော့ တစ်နှစ်ကိုတစ်ကြိမ်ဆောင်ရွက်ရာကနေ အကြိမ်တိုးဆောင်ရွက်ဖို့က ရှိရင်းဝန်ထမ်းစည်းမျဉ်းတွေ၊ ရှိရင်းလုပ်ထုံး

လုပ်နည်းတွေ၊ ရာထူးဝန်အဖွဲ့နှင့် လုပ်ထုံးလုပ်နည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မင်းဘူး(စကု)မြို့နယ်တွင် သင့်လျော်သော မြေနေရာ၌ အစိုးရစက်မှုလက်မှုသိပ္ပံ(GTC)ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းဘူး(စကု)မြို့နယ်မှာ အစိုးရစက်မှုလက်မှုသိပ္ပံ(GTI)ကျောင်းဖွင့်လှစ်ပေးရန် ကိစ္စနှင့်ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်အပါအဝင် မကွေးတိုင်းဒေသကြီးမှာ မြို့နယ် ၂၅ မြို့နယ်ရှိပြီး ခရိုင်ငါးခုနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အခြားသောခရိုင်တွေမှာ ကျွန်တော်တို့ အသက်မွေးဝမ်းကျောင်း ဆိုင်ရာပညာရပ်ဖြစ်တဲ့ GTI ၊ GTHS၊ GTC ကျောင်းတွေရှိသော်လည်းပဲ ကျွန်တော်တို့ မင်းဘူးခရိုင် မှာတော့ တစ်ကျောင်းမှမရှိသေးပါဘူး။ အဲဒီလိုမင်းဘူးခရိုင်မှာမရှိတဲ့အတွက် မင်းဘူးခရိုင်အတွင်းမှာ ရှိတဲ့ ကျောင်းသူကျောင်းသားတွေဟာ GTI၊ GTHS၊ GTC ရှိတဲ့ တခြားခရိုင်တွေ၊ တခြားမြို့နယ် တွေကိုသွားတက်တဲ့အတွက် အဆင်မပြေမှုတွေ၊ ကုန်ကျမှုတွေ၊ မလိုအပ်တဲ့ ပိုမိုကုန်ကျမှုတွေများစွာ ရှိနေတာတွေ့ရပါတယ်။ အဲဒီတော့ မင်းဘူးမြို့ဟာ ခရိုင်မြို့ဖြစ်သည်နှင့်အညီ ခရိုင်အတွင်းမှာရှိတဲ့ မျိုးဆက်သစ်လူငယ်များအတွက် ပညာအခြေပြုလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို လေ့ကျင့်ပျိုးထောင်ရာမှာ များစွာအထောက်အကူဖြစ်စေရန် အတွက် မင်းဘူး(စကု)မြို့နယ်မှာ အစိုးရစက်မှုလက်မှုသိပ္ပံ(GTI)ကျောင်းဖွင့်လှစ်ပေးရန် လိုအပ်လျက် ရှိနေပါတယ်။ သို့ဖြစ်ပါ၍ မင်းဘူး(စကု)မြို့နယ်မှာ သင့်လျော်သောမြေနေရာ၌ အစိုးရစက်မှုလက်မှု

သိပ္ပံ(GTI)ကျောင်းဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းဝင်းရဲ့ မေးခွန်းဖြစ်သော မင်းဘူး(စကု)မြို့နယ်တွင် သင့်လျော်သောမြေနေရာ၌ အစိုးရစက်မှုလက်မှုသိပ္ပံ(GTI)ကျောင်း ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိလိုခြင်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ မကွေးတိုင်းဒေသကြီးအတွင်းမှာ အစိုးရစက်မှုလက်မှုသိပ္ပံများအနေနဲ့ မကွေးမြို့၊ ရေနံချောင်းမြို့၊ ချောက်မြို့၊ သရက်မြို့၊ ဂန့်ဂေါမြို့တို့မှာ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ကာလတိုသက်မွေး ပညာသင်တန်းကျောင်းများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများအနေနဲ့ မကွေးမြို့၊ ပခုက္ကူမြို့တို့မှာ ဒေသလိုအပ်ချက်နှင့်အညီ သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ နည်းပညာနှင့်သက်မွေး၊ ပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍအတွက် ကျောင်းသစ်များဖွင့်လှစ်ရာမှာ ကိုယ်စားလှယ်ကြီးအမိန့်ရှိသလိုပဲ ခရိုင်မြို့တွေမှာ စတင်ဦးစားပေးဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ စီမံကိန်းအနေနဲ့လည်း ခရိုင်မြို့ကြီးဖြစ်သော မင်းဘူးမြို့နယ်၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ဖွင့်လှစ်ရန်လျာထားပြီးဖြစ်ပါတယ်။ ဒါ့အတွက်

မင်းဘူးမြို့နယ်၊ ကျောက်တန်းကျေးရွာအုပ်စုမှာ မြေဧရိယာ ၁၅.၀၉ ဧကအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့်ရရှိနိုင်ရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းစီမံခန့်ခွဲရေးဗဟိုကော်မတီထံသို့ တင်ပြလျှောက်ထားပြီးဖြစ်ကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မင်းဘူး)အတွက် ကျောင်းမြေနေရာရရှိသတ်မှတ်ပြီးဖြစ်ပါက ဘဏ္ဍာငွေများ တင်ပြတောင်းခံမည်ဖြစ်ပြီး ဆက်လက်ပြီး မင်းဘူးခရိုင်အတွင်း အစိုးရစက်မှုသိပ္ပံတစ်ကျောင်း ထပ်မံဖွင့်လှစ်ရေးစီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**ကနီမြို့နယ်ရှိ မုဋ္ဌော-ချိုင်-သရက်ပင်-မင်းမကျေးရွာချင်းဆက်လမ်းအား လမ်းတာချဲ့နိုင်ရေးနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကနီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာရှိတဲ့ မုဋ္ဌော-ချိုင်-သရက်ပင်-မင်းမကျေးရွာ ချင်းဆက်လမ်းနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းဟာ ၁၃ မိုင်ခန့်ရှည်လျားပြီးတော့ ၎င်းဒေသမှာရှိတဲ့ကျေးရွာများမှ အထူးအားထားသွားလာနေရတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ ကျေးရွာပေါင်း ၁၅ ရွာ၊ လူဦးရေပေါင်း ၁၅၀၀၀ ဦးခန့်ကို အကျိုးပြုနေတဲ့လမ်းလည်း ဖြစ်ပါတယ်။ ဒီလမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းနှစ်မိုင် ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးတော့ ကျန်အပိုင်းများမှာလည်း တိုင်းဒေသကြီးပိုလျှံရန်ပုံငွေ၊ ထောက်ပံ့ရန်ပုံငွေတွေနဲ့ ဂျင်းခင်းတာတွေလုပ်ခဲ့သလို ကျေးရွာပြည်သူများမှလည်း ကိုယ်ထူကိုယ်ထဂျင်းခင်းခြင်း၊ လမ်းပြုပြင်ခြင်းများပြုလုပ်ပြီးတော့ အသုံးပြုနေကြရတဲ့ လမ်းတစ်လမ်းလည်းဖြစ်ပါတယ်။

ကျွန်တော်တို့ ကနီမြို့နယ်မှာ ကျေးလက်လမ်းပေါင်း ၇၅ လမ်းရှိကာ မိုင်ပေါင်း ၃၃၇ မိုင်ရှိသော်လည်း ပြည်ထောင်စုရန်ပုံငွေမှချထားဆောင်ရွက်ပေးမှုက မရှိသလောက်အလွန်နည်းနေတာဖြစ်ပါတယ်။ ဒီလမ်းနဲ့ပတ်သက်ပြီး မေးမြန်းလိုတာကတော့ မုဋ္ဌော-ချိုင်-သရက်ပင်-မင်းမကျေးရွာချင်းဆက်လမ်းအား လမ်းတာချဲ့နိုင်ရေးနဲ့ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်မေးမြန်းထားသော ကနီမြို့နယ်ရှိ မုဋ္ဌော-ချိုင်-သရက်ပင်-မင်းမကျေးရွာချင်းဆက်လမ်းအား လမ်းတာချဲ့နိုင်ရေးနှင့် လမ်းအဆင့်မြှင့်တင်ပေးနိုင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်အတွင်းရှိ မုဋ္ဌော-ချိုင်-သရက်ပင်-မင်းမကျေးရွာချင်းဆက်လမ်းအရှည် ၁၄/၂ မိုင်သည် ကနီ-ချောင်းမလမ်းနှင့် ဆက်သွယ်သောလမ်းဖြစ်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းသည် အပိုင်းနှစ်ပိုင်းပါပါတယ်။

**မူကြမ်း**

ပထမတစ်ပိုင်းက မုဋ္ဌော-ဒဟတ္တော-ချိုင်-သရက်ပင်-မင်းအိုလမ်း ၇/၂ မိုင်ဖြစ်ပြီးတော့ လမ်းအဆင့်သတ်မှတ်ချက် Class(A)၊ ဦးစားပေး(၂)ဖြစ်ပါတယ်။ နောက်တစ်ပိုင်းကတော့ မင်းမ-ကျွဲသောက်ကန်-မင်းအိုလမ်းအရှည် ခုနစ်မိုင်ဖြစ်ပြီးတော့ လမ်းအဆင့်သတ်မှတ်ချက် Class(A)၊ ဦးစားပေးအဆင့်(၃)ဖြစ်ပြီးတော့ အဆိုပါလမ်းနှစ်လမ်းပေါင်းနှင့် မုဋ္ဌော-ချိုင်-သရက်ပင်-မင်းမကျေးရွာချင်းဆက်လမ်းသည် ကျေးရွာပေါင်း ၁၅ ရွာ၊ လူဦးရေပေါင်း ၁၅၀၀၀ ကျော်ကိုအကျိုးပြုတဲ့လမ်းဖြစ်ပါသဖြင့် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ငါးဖာလုံကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကွန်ကရစ်လမ်းဆောင်ရွက်မှာဖြစ်ပြီးတော့ ခုနစ်ဖာလုံကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်သွားရန် လျာထားတင်ပြထားပါကြောင်းနှင့် ကျန်အပိုင်းများကိုတော့ လာမည့်ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**မင်းတပ်-မတူပီလမ်းဖြစ်သည့် မင်းတပ်မြို့တွင်းလမ်းအားဆက်လက်ချဲ့ပေးရန်နှင့် လမ်းတာချဲ့ရန်အတွက် နောက်ဆုတ်ပေးခဲ့သော အိမ်နှင့်လမ်းမကြီးအကြားဖြစ်ပေါ်နေသည့် ချောက်နေရာများအားမည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းတပ်-မတူပီလမ်းဖြစ်တဲ့ မင်းတပ်မြို့တွင်းလမ်းအား ဆက်လက်ချဲ့ပေးရန်နှင့်လမ်းတာချဲ့ရန်အတွက် နောက်ဆုတ်ပေးခဲ့သော အိမ်နှင့်လမ်းမကြီးအကြားဖြစ်ပေါ်နေသည့်ချောက်နေရာများအား မည်သို့ဆောင်ရွက်ပေးမည်ကိုသိရှိလို၍ မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ကျွန်တော်တို့ချင်းပြည်နယ်ရဲ့မြို့နယ်တွေဟာ တောင်ပေါ်မြို့တစ်မြို့ဖြစ်တဲ့

အတွက် တောင်ပေါ်ရဲ့တောင်ကြော တစ်လျှောက်မှာမြို့တည်ထားတ ဲ့အတွက် လမ်းမကြီးများဖောက် လုပ်ဖို့ရာ အလွန်ပင်ခက်ခဲပါတယ်ခင်ဗျား။ ဒါက ကျွန်တော်တို့မင်းတပ်မြို့ရဲ့ ညရှုခင်းတစ်နေရာ ဖြစ်ပါတယ်ခင်ဗျား။ မြို့သာယာလှပဖို့ဆိုရင် လျှပ်စစ်မီးတွေလိုသလို လမ်းမကြီးတွေလည်း ကျယ်ဖို့ ရာလိုအပ်ပါတယ်။ ပုံ(၁)မှာ ပြထားတာကတော့ ယခင်လက်ထက်ကလမ်းအကျယ်ဖြစ်ပါတယ်။ ယခု အစိုးရသစ် လက်ထက်မှာတော့ လမ်းတာချဲ့ထားတဲ့အနေအထားဖြစ်ပါတယ်ခင်ဗျား။ ဒီလိုလမ်းချဲ့ပြီး တဲ့နေရာမှာ ဒီလိုကတ္တရာလမ်းတွေကိုကျွန်တော်တို့အစိုးရသစ်လက်ထက်မှာခင်းလိုက်တော့ လမ်းမ ကြီးတွေဟာ သာယာလှပကာ မြို့အင်္ဂါရပ်နှင့်ညီပြီးတော့ လမ်းသွားလမ်းလာတွေအတွက် လည်း အန္တရာယ်ကင်းရှင်းသွားပါတယ်ခင်ဗျား။ ဒီလိုပဲကျောင်းသူကျောင်းသားတွေဟာ ဒီလိုလမ်း တာချဲ့ပြီးတဲ့နောက်မှာ အန္တရာယ်ကင်းရှင်းစွာနဲ့ကျောင်းကိုသွားလာနေရတဲ့ မြင်ကွင်းလေးဖြစ် ပါတယ်။ ဒီလိုလမ်းတာချဲ့ခဲ့ပေမဲ့လည်း စိုက်ပျိုးရေးရုံးရှေ့မှာကျတော့ ဆင်ပြောင်ကြီးအမြီးရောက် မှတစ်ဆိုသလိုပဲ ကျန်တဲ့နေရာတွေမှာလမ်းပေအကျယ်က ၅၀ လောက်ရှိပေမဲ့ စိုက်ပျိုးရေးရုံးရှေ့ မှာတော့ ပေ ၂၀ လောက်သာကျယ်တဲ့လမ်းကျဉ်းလေးဖြစ်ကာ အန္တရာယ်အလွန်များပြီးတော့ မြို့အင်္ဂါရပ်နဲ့လည်းမညီဖြစ်နေပါတယ်ခင်ဗျား။ ဒါဟာစိုက်ပျိုးရေးရုံးရှေ့မှာရှိတဲ့ လမ်းချဲ့ဖို့လိုနေတဲ့ ပေ ၂၀ လောက်ရှိတဲ့လမ်းနေရာလေးဖြစ်ပါတယ်။ ဒါကလည်း စိုက်ပျိုးရေးရုံးရှေ့အနီးနားမှာရှိတဲ့ လမ်းကျဉ်းနေရာလေးဖြစ်ပါတယ်။

နောက်လမ်းကျဉ်းတစ်နေရာကတော့ မင်းတပ်မြို့မှာရှိတဲ့ လျှပ်စစ်ရုံးရှေ့နေရာဖြစ်ပါတယ်။ အလွန်အရေးကြီးပါတယ်။ ဒီလျှပ်စစ်ရုံးရှေ့နေရာလေးဟာ လမ်းချဲ့ဖို့လိုအပ်နေပါတယ်။ ကျွန်တော်တို့ မင်းတပ်မြို့ဟာ ကောလိပ်ကျောင်းတွေ၊ ပညာရေးကောလိပ်တွေ တည်ဆောက်နေပါပြီ။ နောင်တစ်ချိန်မှာ ဒါတွေဖွင့်လစ်လာလို့ ကောလိပ်ကျောင်းသားတွေဟာ ဆိုင်ကယ်တွေ၊ ကားတွေနဲ့ သွားလာတော့မယ်ဆိုရင် ဒီလမ်းလေးကကျဉ်းပြီးတော့ အလွန်အန္တရာယ်များပါတယ်။ ဒီနေရာကို

ချဲ့မယ်ဆိုရင်တော့ ဒီလှျပ်စစ်ရုံးကြီးကို နှမြောနေလို့မရပါဘူး။ ကျွန်တော်တို့ဟာ လာမယ့်အနာဂတ်ကိုကြည့်ရမှာပါ။ လာမယ့်ရေရှည်အတွက် အသက်အန္တရာယ်တွေကို စိုးရိမ်ရပါတယ်။ တကယ်လို့ လူ့အသက်တစ်ချောင်းနဲ့ ဒီလှျပ်စစ်ရုံးကြီးကိုလဲမယ်ဆိုရင်တော့ လူ့အသက်ကပိုပြီးတော့ တန်ဖိုးရှိပါတယ်။ ဒါဟာတစ်ချိန်ကရန်ကုန်မြို့တော်ကြီးပါ။ အရင်တုန်းကရန်ကုန်မြို့တော်ကြီးမှာ ကားအဲဒီလိုပဲ မများသောအချိန်ကာလမှာ ရှစ်လမ်းသွားတွေ၊ ခြောက်လမ်းသွားတွေချဲ့ခဲ့တဲ့အချိန်တုန်းကဆိုရင် ဒီလူတွေဟာဒီလောက်လမ်းအကျယ်ကြီးတွေလိုအပ်လားလို့ထင်ခဲ့ရပေမဲ့ သူတို့ဟာ လာမယ့်အနာဂတ်ကိုကြည့်ပြီးတော့ ဖောက်လုပ်ခဲ့တဲ့အတွက် ယနေ့ရန်ကုန်မြို့တော်ကြီးမှာ လမ်းတွေဘယ်လိုကျပ်နေသလဲဆိုတာ သိကြမှာဖြစ်ပါတယ်။ ဒါဟာမင်းတပ်မြို့ရဲ့ ကန်ပက်လက်လမ်းဆုံနေရာက လမ်းကျဉ်းတဲ့တစ်နေရာပါ။ ဒီနေရာမှာတော့ ကျွန်တော်တို့ဟာ လမ်းဘေးဝဲယာမှာရှိတဲ့အိမ်တွေကိုနောက်ဆုတ်ပြီးတော့ လမ်းချဲ့ခွင့်ပေးခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ မင်းတပ်မြို့မှာရှိတဲ့လမ်းချဲ့ခွင့်ပေးတဲ့မိဘပြည်သူများ၊ အိမ်ရှင်များကိုလည်း ဒီနေရာကနေ အထူးပင်ကျေးဇူးတင်ကြောင်း ကျွန်တော့်အနေနဲ့ ဂုဏ်ပြုမှတ်တမ်းတင်ပါတယ်ခင်ဗျား။ အဲဒီလိုနောက်ဆုတ်ပေးသွားတဲ့အိမ်တွေဟာ ရှေ့ကအိမ်ကတော့မူရင်းအိမ်ဖြစ်ပါတယ်။ နောက်မှာကတော့ သူတို့အိမ်အသစ်တွေဆောက်လိုက်ပြီတော့ ဒီလိုလေးပြင်ဆင်နေရတဲ့မြို့အင်္ဂါရပ်နဲ့လည်းညီညွတ်နေတာကို တွေ့ရပါတယ်။ ဒါဟာနောက်ဆုတ်ပေးသွားတဲ့အိမ်တွေနဲ့လမ်းရဲ့ကြားမှာ ချောက်ကလေးတွေဖြစ်သွားပါတယ်။ အဲဒီနေရာမှာ လမ်းနဲ့အိမ်နဲ့ကြားမှာချောက်ကျင်းတွေကို ကျွန်တော်တို့ကမြေကာနံရံတွေလုပ်၊ မြေကြီးတွေဖို့ပြီးတော့ အဲဒီအပေါ်မှာလူသွားလမ်းစင်္ကြံတွေလုပ်လိုက်မယ်ဆိုရင်တော့ မြို့အင်္ဂါရပ်နဲ့ညီတဲ့လမ်းမကြီးတွေဖြစ်သွားမှာ သေချာပေါက်မလွဲကေန်ပါ။ ဒါကတော့ ကျွန်တော်တို့ဒီအစိုးရသစ်လက်ထက်မှာလမ်းတာချဲ့ကာ တစ်ချိန်တစ်ခါ ဘယ်အစိုးရခေတ်အဆက်ဆက်ကမှမရှိဖူးခဲ့တဲ့ ဒီလိုနိုင်လွန်ကတ္တရာလမ်းကြီးကိုခင်းပြီးတော့ မြို့ရဲ့အင်္ဂါရပ်ကိုလှပအောင်လုပ်ခဲ့ပါတယ်။ အန္တရာယ်လည်းကင်းရှင်းသွားပါတယ်။ ဒါပေမဲ့ တချို့ခုနကပြောတဲ့လျှပ်စစ်ရုံးနဲ့စိုက်ပျိုးရေးရုံးဟာ

တစ်ချိန်တုန်းက ဒီလမ်းဒီနေရာကိုချဲ့ဖို့ရာအတွက်ဘတ်ဂျက်တွေပါခဲ့ပါတယ်။ ဘယ်လိုလုပ်လိုက်လဲ တော့မသိဘူး။ အဲဒီဘတ်ဂျက်တွေဟာ နောက်ကိုဆုတ်သွားပြီးတော့ အခုအဲဒီနေရာမှာ လမ်းကျဉ်း လေးနှစ်နေရာ ချဲ့ဖို့ရာကျန်နေပါတယ်။ တစ်မြို့လုံးဟာသာယာလှပနေပေမဲ့ မြို့တစ်ခုလုံးကို ဒီလမ်းကျဉ်းနှစ်နေရာဖြစ်တဲ့ လျှပ်စစ်ရုံးနဲ့စိုက်ပျိုးရေးရုံးရှေ့က ပေ ၂၀ လောက်ရှိတဲ့လမ်းလေးက ကျန်နေခဲ့သေးတဲ့အတွက် မြို့ရဲ့သာယာလှပမှုနဲ့ အန္တရာယ်ကင်းရှင်းမှုတွေက အလွန်အင်မတန်မှ စိုးရိမ်ဖွယ်ရှိပါတယ်။ ဒါကြောင့်မို့လို့ ခရိုင်မြို့နဲ့ညီညွတ်တဲ့မြို့အင်္ဂါရပ်နဲ့ညီတဲ့လမ်းမကြီးဖြစ်ရန်နဲ့ အန္တရာယ်ကင်းရှင်းမှုတွေဖြစ်ပေါ်စေရန်အတွက် ဒီစိုက်ပျိုးရေးရုံးရှေ့နဲ့လျှပ်စစ်ရုံးရှေ့အပါအဝင် အိမ်နောက်ဆုတ်ပေးတဲ့၊ အိမ်ကြားမှာရှိတဲ့ဒီချောက်ကျဉ်းနေရာတွေကို မည်သို့စီမံဆောင်ရွက်ပေး မည်ကို သိရှိလို၍ အထက်ဖော်ပြပါမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများ ကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနကဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေဖြင့် ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်မေးမြန်းသော မင်းတပ်-မတူပီလမ်းဖြစ်သည့် မင်းတပ်မြို့တွင်းလမ်းအားဆက်လက်ချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် လမ်းတာချဲ့ရန်အတွက်လမ်းနောက်ဆုတ်ပေးခဲ့သော အိမ်နှင့်လမ်းမကြီးအကြားဖြစ်ပေါ်နေသောချောက်နေရာများအား မည်သို့စီမံဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းတပ်-မတူပီလမ်းသည် မိုင်တိုင်အမှတ်(၀/၀)မှ(၁၀၂/၀)အထိ လမ်းအရှည် ၁၀၂ မိုင်သည် ပြည်ထောင်စုအစိုးရအဖွဲ့မှစီမံခန့်ခွဲသောလမ်းဖြစ်ပြီးတော့ မိုင်တိုင်(၀/၀)မှ (၄/၀) အထိ လမ်းအရှည်လေးမိုင်မှာ မင်းတပ်မြို့တွင်းလမ်းပိုင်းဖြစ်ပါတယ်။ ၎င်းမြို့တွင်းလမ်း၏လက်ရှိ အခြေအနေမှာ မိုင်တိုင်(၀/၀)မှ(၂/၀)အထိကနှစ်မိုင်ရှည်ပြီးတော့ ပျမ်းမျှအကျယ် ၃၂ ပေ ကတ္တရာကွန်ကရစ်(AC)လမ်းဖြစ်ပြီးတော့ မိုင်တိုင်အမှတ်(၂/၀)ကနေ(၄/၀)အထိ လမ်းအရှည်နှစ်မိုင်က

အကျယ် ၁၂ ပေသာရှိတဲ့ကတ္တရာလမ်း ဖြစ်ပါတယ်။ မိုင်တိုင်(၂/၀)ကနေ(၃/၀)အထိ လမ်းအရှည် တစ်မိုင်ကိုအကျယ် ၁၂ ပေကနေ ၂၄ ပေအထိကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ငွေလုံးငွေရင်းရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီးတော့ ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အဆိုပါမြို့တွင်းလမ်းပိုင်း၏ လမ်းဘေး ဝဲ/ယာ၌ လူနေအိမ်နှင့်ဌာနဆိုင်ရာရုံး အဆောက်အဦများ လွတ်ကင်းတဲ့မိုင်တိုင်(၀/၀)မှ (၂/၀)အတွင်း လမ်းအရှည်တစ်မိုင်ခန့်ကို လမ်းတာပေါင်အကျယ် ပေ ၅၀ ရရှိသည့်အထိ ဆောင်ရွက်ပြီးစီးပြီးတော့ ဌာနဆိုင်ရာရုံးအဆောက်အဦများ၊ နေအိမ်များ၊ ဘဏ်များ၊ ဘုရားစေတီများရှိတဲ့ လမ်းအရှည်တစ်မိုင် အတွင်းမှာတော့ လမ်းတာပေါင်ပျမ်းမျှအကျယ် ၂၈ ပေသာဆောင်ရွက်ထားပါတယ်။ မိုင်တိုင်အမှတ် (၂/၀)ကနေ(၄/၀)အထိ လမ်းအရှည်နှစ်မိုင်မှာ လမ်းတာပေါင်အကျယ် ၄၀ ပေအထိ ဆောင်ရွက်ထား ပြီးဖြစ်ပါတယ်။ လေးစား အပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မင်းတပ်မြို့အတွင်း လမ်းတာချဲ့ခြင်းလုပ်ငန်း များဆောင်ရွက်ရာတွင် လမ်းနယ်နိမိတ်နှင့်မလွတ်ကင်း၍ နောက်ဆုတ်ပေးခဲ့ရသော အိမ်/ခြံဝန်းနှင့် လမ်းမကြီးအကြား ချောက်ဖြစ်နေသောနေရာများတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အရှည် ၁၀၀ ပေ၊ မြေကာနံရံ ၁၅ ခု ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ပြည်နယ် အစိုးရအဖွဲ့၏ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အရှည် ၁၀၀ ပေ၊ မြေကာနံရံ ၁၀ ခု ဆောင်ရွက်ရန်အတွက် လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ မြေကာနံရံ ၂၅ ခုတည်ဆောက်ရန်လျာထားတင်ပြ တောင်းခံထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်းမေးခွန်းနဲ့ ကျွန်တော်နားမရှင်းလိုက်တာလေးရှိလို့ ပြန်လည်မေးခွင့်ပေးပါ ခင်ဗျား။ ဒုတိယဝန်ကြီးဖြေသွားမှာကတော့ ကျွန်တော်သေသေချာချာလေးတော့ သိလိုက်ပါတယ်။ သို့သော်လည်း ကျွန်တော်မရှင်းတာလေးတစ်ခုမေးချင်တာက မင်းတပ်မြို့တွင်းလမ်းချဲ့တဲ့နေရာမှာ ဒီစိုက်ပျိုးရေးရုံးရှေ့နဲ့ လျှပ်စစ်ရုံးရှေ့ကိုလမ်းတာချဲ့ဖို့ရန် အစီအစဉ်ရှိ/မရှိလေးကို သိရှိလိုပါ၍ ဆက်စပ်ပြီးတော့မေးခွင့်ပြုပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးရုံးရှေ့က အဖြောင့်လေးပါ။ သူ့ရဲ့ဘယ်ဘက်ခြမ်းချောက်ကြီး အဲဒါဟာ Retaining Wall ပါပါတယ်။ လျှပ်စစ်ရုံးရှေ့အကွေ့အတက်ကလေးဖြစ်တဲ့ အဲဒီအကွေ့အတက်လေးကိုဆုံးတဲ့အထိ Retaining Wall လုပ်ပေးသွားမည်ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ် ခင်ဗျား။

**တောင်ကုတ်မြို့နယ်၊ ပန်းတင်းကျွန်းပေါ်ရှိ အရှေ့ဘက်-ပိန္နဲကိုင်း-ငမုန်းတိုင်း ကျေးရွာချင်းဆက်လမ်းအား မြေသားအမာခံလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်။ ဒီကနေ့မှာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမယ့် မေးခွန်းကတော့ တောင်ကုတ်မြို့နယ်၊ ပန်းတင်းကျွန်းရှိ အရှေ့ဘက်-ပိန္နဲကိုင်း-ငမုန်းတိုင်း ကျေးရွာချင်းဆက်လမ်းအား မြေသားအမာခံလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းကို မေးမြန်းရတဲ့အကြောင်းအရင်းကအများကြီးရှိပါတယ်။ ကျွန်မတို့တောင်ကုတ်မြို့နယ်မှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီးတော့ ရေလမ်းကြောင်းတစ်ခုတည်းကိုသာ အားကိုးပြီးသွားနေရတဲ့ ကျွန်းကြီးတွေရှိပါတယ်။ အဲဒါတွေကတော့ ပန်းထော်ကျွန်း-ပန်းတင်းကျွန်း-ဖောင်းကားကျွန်း-ကလားရောင်၊ ကလိန်တောင်စသဖြင့် ရှိကြပါတယ်။ အဲဒီထဲမှာမှ ပန်းတင်းကျွန်းဟာဆိုရင် ခုကျွန်မမေးမယ့် ကျွန်းကြီးတစ်ကျွန်းဖြစ်ပါတယ်။ ပန်းတင်းကျွန်းမှာဆိုရင် အရှေ့ဘက်အုပ်စုနဲ့ ငမောက်ချောင်းအုပ်စုဆိုပြီးတော့ ကျေးရွာအုပ်စုနှစ်ခုရှိပြီးတော့ ကျေးရွာပေါင်း ၁၂ ရွာ၊ လူဦးရေ ၇၀၀၀ နီးပါး နေထိုင်လျက်ရှိတဲ့ ကျွန်းတစ်ကျွန်းပဲဖြစ်ပါတယ်။ တောင်ကုတ်မြို့ကနေပြီးတော့သွားရင် ရေလမ်းခရီးနဲ့ ၁၃ မိုင် ဝေးကွာပါတယ်။ အခု မေးခွန်းမှာပါတဲ့ လမ်းဟာဆိုရင် အဲဒီကျွန်းထဲက

ကျေးရွာသုံးရွာကို ဆက်သွယ်ထားပြီး လမ်းအရှည်မှာ နှစ်မိုင်ရှိပါတယ်။ အိမ်ခြေ ၂၀၀ ကျော်၊ လူဦးရေ ၁၅၀၀ နီးပါးကို အကျိုးပြုသောလမ်းဖြစ်ပါတယ်။ နဂိုမူလက အဲဒီလမ်းဟာဆိုရင် ဆိုင်ကယ်ဘီးတစ်ကြောင်းစာသာရှိပြီးတော့ ပြီးခဲ့တဲ့နွေရာသီမှာ ကျေးရွာသူကျေးရွာသားများက နေပြီးတော့ ကိုယ်ထူကိုယ်ထဖောက်လုပ်ခဲ့ကြတာဖြစ်တဲ့အတွက် အခုချိန်မှာဆိုရင် သုံးဘီးဆိုင်ကယ်များ သွားရရုံအဆင့်ပဲ ရှိပါသေးတယ်။ ဒါ့အပြင် ကလေးများရဲ့ပညာရေး၊ ပြည်သူများရဲ့ကျန်းမာရေး၊ ကုန်ထုတ်လမ်းလည်းဖြစ်တဲ့အတွက် အင်မတန်မှအရေးပါတဲ့လမ်း တစ်လမ်းပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အလယ်တန်းနဲ့အထက်တန်းကျောင်းသားများဟာဆိုရင် ငမောက်ချောင်း အထက်တန်းကျောင်းမှာလာရောက်ပြီးတော့ ပညာသင်ကြားရတာဖြစ်တဲ့အတွက် မဖြစ်မနေ အဲဒီလမ်းကပဲ သွားကြရတာဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနဆိုရင်လည်း အရှေ့ဘက် အုပ်စုမှာရှိတာဖြစ်တဲ့အတွက် ပြည်သူတွေဟာ ကျန်းမာရေးအတွက်လည်းပဲ ဒီလမ်းကို အသုံးပြု သွားလာကြရတာဖြစ်ပါတယ်။ အဲဒီလမ်းပေါ်မှာပဲ ပြည်သူထည့်ဝင်ငွေ သိန်း ၈၀ ကျော်နဲ့ လွှတ်တော် ရန်ပုံငွေ ရှစ်သိန်းနဲ့ပေါင်းပြီးတော့ ၂၀၁၄ ခုနှစ်က ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့တဲ့ တံတားလေးတစ်စင်းလည်း ရှိပါသေးတယ်။ အခုချိန်မှာဆိုရင် ကိုယ်ထူကိုယ်ထ ဆည်တား တာပေါင်ပြုလုပ်ပြီးသွားလာကြရပေမယ့် ဒီရေကြီးချိန်နဲ့ မိုးရာသီကာလများမှာတော့ အခက်အခဲတွေ အများကြီးကြုံရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ နောက်တစ်ချက်က အဲဒီကျွန်းတွေမှာရှိတဲ့ရွာတွေဟာ ကျေးလက်နဲ့မြို့ပြကွာဟမှုကို လျော့နည်းစေတဲ့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေဖြစ်ကြတဲ့ VDP စီမံကိန်း၊ Cash for Work စီမံချက်၊ UNDP ဖွံ့ဖြိုးရေးလုပ်ငန်းစသဖြင့် အဲဒီလိုစီမံကိန်းတွေဆွဲတဲ့ အခါမှာလည်း သတ်မှတ်ချက်တွေနဲ့မကိုက်ညီလို့ အမြဲတမ်းကျန်ကျန်နေခဲ့ပါတယ်။ အကြောင်း ပြချက်ကတော့ ရေလမ်းကြောင်းဖြစ်လို့၊ ပစ္စည်းသယ်ရခက်လို့ဆိုပြီးတော့ ကျေးရွာရဲ့ဖွံ့ဖြိုးရေး လုပ်ငန်းတွေမှာ အမြဲဦးစားပေးထဲမှာမပါဘဲ ကျန်ခဲ့ကြရပါတယ်။ ဒါကြောင့်မို့လို့ အမှန်တကယ် ပြည်သူများအကျိုးအတွက် မဖြစ်မနေ ဖောက်လုပ်ပေးနေရန် လိုအပ်နေတဲ့ ဒီလမ်းတစ်လမ်းဖြစ်တဲ့

အတွက် ခုလာမယ့် ဘဏ္ဍာရေးနှစ်မှာ ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူများ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါ်နီနီမေမြင့် မေးမြန်းသော တောင်ကုတ်မြို့နယ်၊ ပန်းတင်းကျွန်းပေါ်ရှိ အရှေ့ဘက်-ပိန္နဲကိုင်း-ငမုန်းတိုင်း ကျေးရွာချင်းဆက်လမ်းအား မြေသားအမာခံလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ် ပန်းတင်းကျွန်း ပေါ်ရှိ အရှေ့ဘက်-ပိန္နဲကိုင်း-ငမုန်းတိုင်းကျေးရွာချင်းဆက်လမ်း အရှည်နှစ်မိုင်သည် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ ပန်းတင်းကျွန်း သည် ရေလမ်းခရီးဖြင့် သွားလာရတဲ့ကျွန်းလေးဖြစ်ပြီးတော့ အဆိုပါကျွန်းကနေပြီးတော့ အရှေ့ဘက်-ပိန္နဲကိုင်း-ငမုန်းတိုင်းကျေးရွာချင်းဆက်လမ်းကတော့ နှစ်ပေခွဲလောက်ပဲရှည်တဲ့ လူသွား လမ်းအဆင့်ပဲရှိတဲ့အတွက် မြေသားအမာခံလမ်းအဆင့် အဆင့်မြှင့်တင်ဖောက်လုပ်ဖို့လိုအပ်လျက်ရှိ ပါတယ်။ ပန်းတင်းကျွန်းပေါ်မှာရှိတဲ့ အရှေ့ဘက်-ပိန္နဲကိုင်း-ငမုန်းတိုင်းကျေးရွာချင်းဆက်လမ်းသည် ကျေးရွာသုံးရွာ၊ လူဦးရေ ၁၀၀၀ ကျော်ကို အကျိုးပြုသောလမ်းဖြစ်ပါတယ်။ သို့သော်လည်းပဲ အဆိုပါလမ်းကို အဆင့်မြှင့်တင်ဖို့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ပါဝင်ခြင်းမရှိပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများမှာတော့ ရန်ပုံငွေ တင်ပြတောင်းခံသွားမည်

ဖြစ်ပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**စဉ့်ကူးမြို့နယ်အတွင်းရှိ ရွှေပြည်-ထုံးကြီးလမ်းပိုင်းအား ရာသီမရွေးသွားလာနိုင်သောကျေးရွာချင်းဆက်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဇော်ဝင်းမြင့်(စဉ့်ကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စဉ့်ကူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဇော်ဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် စဉ့်ကူးမြို့နယ်အတွင်းမှာရှိတဲ့ ရွှေပြည်-ထုံးကြီးလမ်းပိုင်းအား ရာသီမရွေးသွားလာနိုင်သော ကျေးရွာချင်းဆက်လမ်းအဖြစ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနဲ့ ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စဉ့်ကူးမြို့ရဲ့အနေအထား စဉ့်ကူးမြို့ဟာ ဧရာဝတီမြစ်ရဲ့ဘေးမှာ တည်ရှိပြီးတော့ အနောက်ဘက်မှာဧရာဝတီမြစ်၊ အရှေ့ဘက်မှာဆိုရင်မန္တလေး-မိုးကုတ်ကားလမ်းနှစ်ခုရဲ့ကြားထဲမှာတည်ရှိတဲ့မြို့နယ် ဖြစ်ပါတယ်။ စဉ့်ကူးမြို့နယ်မှာ အုပ်စုပေါင်း ၃၉ အုပ်စုရှိပြီးတော့အုပ်စုတော်တော်များများကလည်း ဧရာဝတီမြစ်ဘေးမှာရှိတဲ့ရေဝင်ဒေသများ ဖြစ်ကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့စဉ့်ကူးမြို့နဲ့ စဉ့်ကူးမြို့နယ်အတွင်းမှာရှိတဲ့ မိဘပြည်သူမဲဆန္ဒရှင်များဟာအရှေ့ဘက်မှာရှိတဲ့မိုးကုတ်-မန္တလေး၊ ဗန်းမော်-မြစ်ကြီးနားဗျူဟာလမ်းကို ရောက်မှသာလျှင်ဒါသူတို့ကျန်တဲ့နေရာတွေကို ဆက်လက်ပြီးတော့ ခရီးသွားလာခြင်း၊ မိမိလိုရာကိုဆောင်ရွက်နိုင်ခြင်းပြုနိုင်ကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့မြို့နယ်အတွက် ဒီစဉ့်ကူးမြို့နယ်ကနေပြီးတော့ မိုးကုတ်-မန္တလေးကားလမ်းပေါ်ကိုထွက်ပေါက်နှစ်ခုရှိပါတယ်။ တစ်ခုကတော့စဉ့်ကူးကနေ တိုက်ရိုက်ထွက်တဲ့လမ်းကတော့ အခြေအနေကောင်းပါတယ်။ ဒါပေမဲ့ စဉ့်ကူးမြို့ရဲ့

အောက်ဘက်မှာရှိတဲ့ ရွှေပြည်-ထုံးကြီးလမ်းကတော့ မြေသားလမ်းဖြစ်တဲ့ အတွက်ကြောင့် အခုလို မိုးတွင်းမှာ အင်မတန်သွားရေးလာရေးခက်ခဲတာကို တွေ့ရပါတယ်။

အဲဒီတော့ ဒီလမ်းဟာဘယ်တုန်းကစပြီးတော့ တည်ဆောက်ခဲ့တာလဲဆိုရင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ စည်ပင်သာယာအဖွဲ့ကနေပြီးတော့မှ တည်ဆောက်ခဲ့တဲ့လမ်းဖြစ်ပါတယ်။ လမ်းရဲ့အရှည်ဟာ ၃/၅ မိုင် ရှိပြီးတော့ လမ်းပေါ်မှာဆိုလို့ရှိရင် တံတား ၁၂ စင်းနဲ့ တည်ဆောက်ခဲ့ရတဲ့လမ်းလည်း ဖြစ်ပါတယ်။ ဒီလမ်းဟာကျွန်တော်တို့ရဲ့ ဧရာဝတီမြစ်ရေဝင်ဒေသဖြစ်တဲ့ အောက်ပိုင်းကျွန်းထဲဒေသတွေက ကျေးရွာအုပ်စု ၁၅ စု၊ ကျေးရွာပေါင်း ၃၇ ရွာနဲ့ လူဦးရေပေါင်း ၃၀၀၀၀ ကျော်ဟာ ဒီလမ်းကို လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအတွက် နိစ္စဓူဝသုံးစွဲနေရတဲ့လမ်းပဲဖြစ်ပါတယ်။ ဒီလမ်းဟာ ရွှေပြည်-ထုံးကြီးဆိုတဲ့နားမှာ ထုံးကြီးဟာဧရာဝတီမြစ်ကမ်းပေါ်မှာရှိပြီးတော့ ရွှေပြည်ကတော့ဗျူဟာလမ်းပေါ်မှာတည်ရှိတဲ့လမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထုံးကြီးပတ်ဝန်းကျင်မှာရှိနေတဲ့ ကျေးရွာအုပ်စုများဟာ ပထမအဆင့်ထုံးကြီးကိုလာကြရပါတယ်။ ထုံးကြီးကမှ ၃/၅ မိုင်ရှိတဲ့လမ်းကိုဖြတ်ပြီးမှ ရွှေပြည်ကိုရောက်ပါတယ်။ ရွှေပြည်ရောက်တော့မှ ဗျူဟာလမ်းပေါ်ရောက်မှသာလျှင် သူတို့ဟာငင်းတို့ရဲ့ကျန်တဲ့နေရာတွေမြန်မာပြည်အနှံ့ကို သွားနိုင်တဲ့အနေအထားမျိုးဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းဟာအင်မတန်အရေးကြီးပြီးတော့ ကျွန်တော်တို့စဉ့်ကူးမြို့နယ်ရဲ့အရေးကြီးတဲ့ ထွက်ပေါက်တစ်ပေါက်လည်းဖြစ်ပါတယ်။ ဒီလမ်းရဲ့ အနေအထားဟာ မြေသားလည်းဖြစ်တဲ့အတွက်ကြောင့် ရာသီမရွေးမသွားလာနိုင်ပါဘူး။ မသွားလာနိုင်တဲ့ဒီလမ်းဟာ မိုးတွင်းမှာပျက်တယ်။ ဆောင်းတွင်းမှာပြင်တယ်။ နွေမှာပ သုံးနိုင်ပါတယ်။ အဲဒီတော့ဒီလမ်းဟာ တကယ်တော့ နှစ်ရာသီပဲသုံးနိုင်တဲ့လမ်းဖြစ်ပါတယ်။ အဲဒီတော့ဒီလမ်းကို ဥပမာအားဖြင့်ထင်ရှားအောင် Power Point အသုံးပြုခွင့်ပြုပါ။

ဒါကတော့ အခုဇူလိုင် ၆ ရက်နေ့က ကျွန်တော်မေးခွန်းမမေးခင် အကောင်းဆုံးအနေအထားကို ဖော်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ အခုလက်ရှိအနေအထားအရ ရေတွေတက်လာပါပြီ။

**မှူကြမ်း**

ဒါကတော့ ကျွန်တော်တို့ နမ့်မင်းချောင်းတံတားလို့ခေါ်ပါတယ်။ ဒီတံတားဟာ ၂၀၁၇ ခုနှစ်က သစ်သားတံတားပါ။ အဲဒါပြိုကျပျက်စီးသွားတဲ့အတွက်ကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေသန်း ၇၀၀ နဲ့တည်ဆောက်ခဲ့တဲ့တစ်ခုတည်းသော သံကူကွန်ကရစ်တံတား ဖြစ်ပါတယ်။ ဒါလည်းပဲ လက်ရှိအနေအထားပါ။ ဒါကတော့ အခုလက်ရှိအနေအထားမှာကျန်တဲ့ အမှတ်(၂)တံတားဖြစ်ပါတယ်။ ဒီတံတားဟာ ၁၂ စင်းအနက်ကပထမဆုံးနံပါတ်(၂)ဖြစ်ပါတယ်။ လမ်းဘေးမှာရှိတဲ့ကျွန်းထဲရွာကို တွေ့ရပါတယ်။ ဒါကတော့ ကျွန်တော်စောစောကပြောခဲ့တဲ့ ကျွန်းထဲအုပ်စုကကျေးရွာတွေဟာ အခုမော်တော်ယာဉ်လေးနဲ့အဲဒီထုံးကြီးရွာကို လာကြရပါတယ်။ အဲဒီကမှတစ်ဆင့် အရှေ့ဘက်ရှိတဲ့ရွှေပြည်ရွာကိုသွားပြီးမှ ဗျူဟာလမ်းမှတစ်ဆင့် အသုံးပြုကြတာဖြစ်ပါတယ်။ ဒါကတော့ အခုရွှေပြည်နဲ့ဗျူဟာလမ်းနဲ့ ဆက်သွယ်ထားတဲ့ကျေးရွာချင်းဆက်လမ်းကို ဒါဗျူဟာလမ်းနဲ့ဆက်သွယ်ကြောင်း ထင်ရှားအောင်ပြတာပါ။ ဒါကတော့ ကျွန်တော်တို့ ဇူလိုင်လနောက်ပိုင်း အခုမိုးတွေရွာပြီး ရေတွေလျှံသွားပြီးလို့ရှိရင် ကျန်ရစ်ခဲ့တဲ့လမ်းရဲ့အနေအထား ကျွန်တော်တို့ပြုပြင်ရတော့မယ့်လမ်းအနေအထားကို မနှစ်ကပုံကိုပြပါတယ်။ ဒီနှစ်မှာလည်းပဲ အခု ရေတွေတက်နေပါပြီ။ ရေလွှမ်းမိုးနေပါပြီ။ အဲဒါပြီးရင်ဒီတိုင်းတွေ့မှာပါ။ ဒါဟာ အခုမြင်တဲ့အတိုင်းပါပဲ။ ဒါကတော့ အခုဇူလိုင်လ ၁၂ ရက်နောက်ပိုင်းမှာ ကျွန်တော်ဖုန်းနဲ့မေးတဲ့အခါမှာ အမှတ်(၈) တံတားကနေ (၁၂) ထိရေတွေလွှမ်းသွားတာ မြင်ရတဲ့အတိုင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်ဝင်းမြင့် မေးမြန်းသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်အတွင်းရှိ ရွှေပြည်-ထုံးကြီးလမ်းပိုင်းအား ရာသီမရွေးသွားလာနိုင်

သော ကျေးရွာချင်းဆက်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်အတွင်းရှိ ရွှေပြည်-တောင်အင်း-ထုံးကြီးကျေးရွာချင်းဆက်လမ်း ၃/၅ မိုင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်မှာတော့ ကျွန်တော်တို့အနေနဲ့ပေ ၂၁၀ အရှည်ရှိတဲ့ သံကူကွန်ကရစ်တံတားတစ်စင်းနဲ့ Box Culvert သုံးစင်းတို့ တည်ဆောက်ထားပြီးဖြစ်ပါတယ်။

အဆိုပါလမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့်(၂)လမ်းစာရင်းတွင် ပါဝင်ပြီးတော့ ကျေးရွာပေါင်း ၃၇ ရွာနဲ့ လူဦးရေပေါင်း ၃၀၀၀၀ ကျော်ကို အကျိုးပြုတဲ့လမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဦးစားပေးထားပါတယ်။ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ လမ်းအရှည်တစ်မိုင်ကို ကွန်ကရစ်လမ်းခင်းဖို့အတွက် ရန်ပုံငွေတင်ပြထားပါတယ်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ပေ ၅၀ အရှည်ရှိတဲ့ သံကူကွန်ကရစ်တံတားတစ်စင်းနဲ့ ပေ ၆၀ အရှည်ရှိတဲ့ သံကူကွန်ကရစ်တံတားနှစ်စင်း ဒါက Power Point မှာပါတဲ့ သစ်သားတံတားတွေနေရာမှာ အစားထိုးတည်ဆောက်ဖို့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားပါမယ်။ နှစ်မိုင်ကျော်ကလည်းကျန်တယ်။ ကျွန်တော်တို့ကတာပေါင်လည်းမြှင့်ရပါမယ်။ နှစ်စဉ်ရေကျော်နေတဲ့အတွက်အဲဒီအပိုင်းတွေကိုတော့ လာမယ့်နှစ်တွေမှာ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက်မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**မူကြမ်း**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးတင့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြုစုရေးဆွဲထားတဲ့ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမကျင့်ထုံးဥပဒေအပိုင်း(၅)မှာ Special Proceedings ဆိုပြီး မူလက အခန်းငယ်ခေါင်းစဉ်ရှိပါတယ်။ အဲဒီမှာ ပုဒ်မ ၈၉ က Arbitration ပတ်သက်တဲ့ ပြဋ္ဌာန်းချက် ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ ၁၉၄၄ ခုနှစ်၊ The Arbitration Act ပြဋ္ဌာန်းလိုက်တဲ့အခါမှာ ၁၉၄၄ ခုနှစ်ရဲ့ ဥပဒေအမှတ်(၄)နဲ့ အဲဒီ ပုဒ်မ ၈၉ ကို ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံလို တရားမကျင့်ထုံးဥပဒေကိုပဲ ကျင့်သုံးနေရကြတဲ့နိုင်ငံအချို့မှာ ပြောင်းလဲလာတဲ့ လူမှုစီးပွားရေးနဲ့ ကုန်သွယ်မှုစနစ်တွေအရ ကျင့်သုံးနိုင်ရန်အတွက် ADR စနစ် အခြားနည်းစေ့စပ်ဖြေရှင်းရေးစနစ်နဲ့သက်ဆိုင်တဲ့ ပြဋ္ဌာန်းချက်ကို ပုဒ်မ ၈၉ နေရာမှာ ၈၉-က ဆိုပြီးတော့ ပြင်ဆင်ထည့်သွင်းရေးဆွဲ ဆောင်ရွက်နေတာကို ကျွန်တော်တို့ စိစစ်လေ့လာသိရှိရပါတယ်။ ဒီ ADR

စနစ်က တရားရုံးများတွင် သမားရိုးကျတရားမမှုခင်းများကို စစ်ဆေးကြားနာခြင်းနဲ့ နှစ်ဖက်အငြင်းပွားသူအချင်းချင်း စေ့စပ်ညှိနှိုင်းဖျန်ဖြေတဲ့နည်းစနစ်တစ်ခု ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ မွန်ဂိုလီးယားနိုင်ငံတွေမှာ ဒီ ADR စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန်အတွက် ပုဒ်မ ၈၉-က အဖြစ် ထည့်သွင်းပြဋ္ဌာန်းထားတဲ့အတွက် ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားမကျင့်ထုံးဥပဒေရဲ့ပုဒ်မ ၈၉ နေရာမှာ ၈၉-က အဖြစ် အခုလိုရေးဆွဲတင်သွင်းရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဓိကပြင်ဆင်ရေးဆွဲအကြောင်းပြချက်ကတော့ ဒီနေ့ နိုင်ငံတကာအနှံ့ တိုးတက်ပြောင်းလဲလာတဲ့ လွတ်လပ်စွာကုန်သွယ်ရေးမူဝါဒနဲ့အညီ ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များမှာ အချင်းချင်းအငြင်းပွားမှုတွေ ပေါ်ပေါက်ပါတယ်။ အဲဒီအငြင်းပွားမှုတွေကို ဒီလိုအချင်းချင်း ကနဦးစေ့စပ်ညှိနှိုင်းဖြေရှင်းတဲ့နည်းစနစ်ကို ကျင့်သုံးခြင်းအားဖြင့် အချိန်နဲ့ငွေကုန်ကြေးကျသက်သာပြီးတော့ နှစ်ဖက်အငြင်းပွားသူကြားမှာလည်း မလိုလားအပ်တဲ့အာဃာတလျော့ပါးမှုဖြစ်စေနိုင်တဲ့အတွက် အခုလက်ရှိ နိုင်ငံတကာမှာကျင့်သုံးတဲ့နည်းစနစ်နဲ့အညီ ဆောင်ရွက်နိုင်ရန်အတွက် ထည့်သွင်းရေးဆွဲရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြုစုရေးဆွဲထားတဲ့ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

## မူကြမ်း

**ဦးအောင်စိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ယနေ့ ပြည်သူ့လွှတ်တော်မှာ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးအောင်စိန်က ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ-ဥပဒေကြမ်း/၂၀၂၀- ၈၉

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်

သို့

ဥက္ကဋ္ဌ

**မူကြမ်း**

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂-၆-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀(၁၅၇)/ ပထစ-၂၀၂၀

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များအပေါ် အခြေခံ၍ ရေးဆွဲလာခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) တရားမကျင့်ထုံးဥပဒေ အပိုင်း(၅)သည် Special Proceedings နှင့် သက်ဆိုင်သဖြင့် ယခင် ပုဒ်မ ၈၉ တွင် Arbitration နှင့်စပ်လျဉ်း၍ ဖော်ပြထားသော်လည်း The Arbitration Act 1944 ပြဋ္ဌာန်းပြီးသည့်အချိန်တွင် ယင်းပုဒ်မကိုပယ်ဖျက်ခြင်း၊

(ခ) မြန်မာနိုင်ငံတွင်တူညီသော တရားမကျင့်ထုံးဥပဒေကိုကျင့်သုံးသည့် အခြားနိုင်ငံများနည်းတူ အခြားနည်းဖြင့်ဖြေရှင်းခြင်း Alternative Dispute Resolution-ADR) စနစ်ကို မြန်မာနိုင်ငံတွင် ကျင့်သုံးနိုင်ရန်အတွက် တရားမကျင့်ထုံးဥပဒေ၏ ပုဒ်မ ၈၉ နေရာတွင် ပုဒ်မ ၈၉-က အဖြစ်ဖြည့်စွက်ခြင်း၊

**မူကြမ်း**

(ဂ) အခြားနိုင်ငံများနှင့်ဆောင်ရွက်ချက်များကို နမူနာယူ၍လည်းကောင်း၊ မြန်မာနိုင်ငံတွင် Mediation အပြင် အခြား ADR စနစ်များကို အကောင်အထည်ဖော်ရန်လိုအပ်သည့်အခါ တရားမကျင့်ထုံးဥပဒေတွင် အဆင်ပြေစွာ ထည့်သွင်းဆောင်ရွက်နိုင်ရန်လည်းကောင်း Mediation ကို ပုဒ်မ ၈၉-က အဖြစ် ဖြည့်စွက်ရန် လိုအပ်လာသဖြင့် ပြင်ဆင်ရေးဆွဲရခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၇-၇-၂၀၂၀ ရက်(အင်္ဂါနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ ယင်းဖြည့်စွက်ချက်သည် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်လျက်ရှိသည့်အပြင် တရားမမှုခင်းများအား စေ့စပ်ဖြေရှင်းသည့်နည်းလမ်းကို ဆောင်ရွက်ရာတွင် လိုအပ်သည့်ဥပဒေမူဘောင်တစ်ရပ် ပေါ်ပေါက်လာစေရန်နှင့် မလိုလားအပ်သည့် အမှုကြန့်ကြာမှုများ လျော့နည်းသွားနိုင်ပြီး အမှုများမြန်မြန်ဆန်ဆန်ပြီးမြောက်သွားနိုင်မည်ဖြစ်သဖြင့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိသဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၄။ သို့ပါ၍ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**မူကြမ်း**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ-ဥပဒေကြမ်း/၂၀၂၀ - ၈၉

ရက် စွဲ၊ ၂ ၀ ၂ ၀ ပြည့် နှစ်၊ ဇူလိုင်လ ၉

ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

**မူကြမ်း**

အကြောင်းအရာ။ **တရားမကျင့်ထုံး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂-၆-၂၀၂၀ ရက်စွဲပါ စာအမှတ်၊၆/၁၂/၁၀ (၁၅၇)/ပထစ-၂၀၂၀

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များအပေါ် အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) တရားမကျင့်ထုံးဥပဒေ အပိုင်း(၅)သည် Special proceedings နှင့်သက်ဆိုင်သဖြင့်ယခင် ပုဒ်မ ၈၉ တွင် Arbitration နှင့်စပ်လျဉ်း၍ ဖော်ပြထားသော်လည်း The Arbitration Act 1944 ပြဋ္ဌာန်းပြီးသည့်အချိန်တွင် ယင်းပုဒ်မကို ပယ်ဖျက်ခဲ့ခြင်း၊

(ခ) မြန်မာနိုင်ငံနှင့် တူညီသော တရားမကျင့်ထုံးဥပဒေကို ကျင့်သုံးသည့်အခြားနိုင်ငံများနည်းတူ အခြားနည်းဖြင့်ဖြေရှင်းခြင်း(ADR)စနစ်ကိုမြန်မာနိုင်ငံတွင်ကျင့်သုံးနိုင်ရန်အတွက် တရားမကျင့်ထုံးဥပဒေ၏ ပုဒ်မ ၈၉ နေရာတွင် ပုဒ်မ ၈၉-က အဖြစ် ဖြည့်စွက်ခြင်း၊

(ဂ) အခြားနိုင်ငံများ၏ ဆောင်ရွက်ချက်များကို နမူနာယူ၍လည်းကောင်း၊ မြန်မာနိုင်ငံတွင် Mediation အပြင် အခြား ADR စနစ်များကို အကောင်အထည်ဖော်ရန် လိုအပ်သည့်အခါ တရားမကျင့်ထုံးဥပဒေတွင် အဆင်ပြေစွာ ထည့်သွင်းဆောင်

ရွှက်နိုင်ရန် လည်းကောင်း Mediation ကို ပုဒ်မ ၈၉-က အဖြစ် ဖြည့်စွက်ရန် လိုအပ်လာသဖြင့် ပြင်ဆင်ရေးဆွဲရခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၇-၇-၂၀၂၀ ရက်(အင်္ဂါနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလ အခွင့်အရေးဆိုင်ရာကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ ယင်း ဖြည့်စွက်ချက်သည် နိုင်ငံတော်အတွက် အမှန်တကယ် လိုအပ်လျက်ရှိသည့်အပြင် တရားမမှုခင်း များအား စေ့စပ်ညှိနှိုင်းဖြေရှင်းသည့်နည်းလမ်းကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ဥပဒေမူဘောင် တစ်ရပ်ပေါ်ပေါက်လာစေရန်နှင့် မလိုလားအပ်သည့် အမှုကြန့်ကြာမှုများ လျော့နည်းသွားနိုင်ပြီး အမှုများ မြန်မြန်ဆန်ဆန် ပြီးမြောက်သွားမည်ဖြစ်သဖြင့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း

ပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၆-၇-၂၀၂၀ ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁:၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးဉာဏ်လင်း၊ ရွှေပြည်သာမဲဆန္ဒနယ်က တင်သွင်းသည့်နိုင်ငံတော်၏မျိုးဆက်သစ်လူငယ်များအား ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ခိုင်မြဲစွာရရှိစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏အခြေခံနှင့် အဆင့်မြင့်ပညာရေး ကျောင်းများတွင် အခြေခံအသင်းအဖွဲ့များ သတ်မှတ်ဖွဲ့စည်း၍ အသင်းအဖွဲ့လိုက် အတန်းကိုယ်စားလှယ်များ၊ ကျောင်းကိုယ်စားလှယ်များမှသည် ကျောင်းကောင်စီအထိ ဒီမိုကရေစီ**

**နည်းကျအဆင့်ဆင့် ရွေးချယ်ဖွဲ့စည်း၍ ကိုယ်တိုင်ပါဝင် ဆောင်ရွက်သည့်စနစ် တစ်ရပ်ကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစ၍ အကောင်အထည်ဖော် စီမံဆောင်ရွက် ပေးရန်နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဉာဏ်လင်း၊ ရွှေပြည်သာမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့(၃-၂-၂၀၂၀ ရက်နေ့)တွင် တင်သွင်းသွားတဲ့ နိုင်ငံတော်၏မျိုးဆက်သစ် လူငယ်များအား ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ခိုင်မြဲစွာရရှိစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏ အခြေခံနှင့်အဆင့်မြင့်ပညာရေးကျောင်းများတွင် အခြေခံအသင်းအဖွဲ့များသတ်မှတ်ဖွဲ့စည်း၍ အသင်းအဖွဲ့အလိုက် အတန်းကိုယ်စားလှယ်များ၊ ကျောင်းကိုယ်စားလှယ်များမှသည် ကျောင်းကောင်စီအထိ ဒီမိုကရေစီနည်းကျအဆင့်ဆင့်ရွေးချယ် ဖွဲ့စည်း၍ ကိုယ်တိုင်ပါဝင်ဆောင်ရွက်သည့် စနစ်တစ်ရပ်ကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစ၍ အကောင်အထည်ဖော်စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ကိုးဦးရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသား ခေါင်းဆောင်ကြီး လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ရှင်းရှင်းလင်းလင်းပြောခဲ့ပါတယ်။ ဒီမိုကရေစီဝါဒဟာ လွတ်လပ်ရေးနဲ့ဆီလျော်တယ်။ ဒီမိုကရေစီဝါဒဟာ ငြိမ်းချမ်းရေးကို အားပေးတယ်။ ဒါကြောင့်မို့လို့ ဒီမိုကရေစီဝါဒကို တိုးတက်ပြန့်ပွားအောင်လုပ်ကြရမယ်လို့ ရှင်းရှင်းလင်းလင်း

ပြောခဲ့ပါတယ်။ ဒါကို ဗိုလ်ချုပ်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကလည်း လေးစားလိုက်နာသောအားဖြင့် သူတို့ လွတ်လပ်ရေးရပြီးတဲ့အခါမှာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့နိုင်ငံဟာ ဒေသတွင်းမှာ ဂုဏ်သိက္ခာမြင့်မားတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံက ဒီမိုကရေစီဆိတ်သုဉ်းတဲ့ ကာလတစ်ခုရှိခဲ့ပါတယ်။ ဒီကာလအတွင်းမှာ ကျွန်တော်တို့နိုင်ငံအတွင်းမှာ တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမ အချင်းချင်း တစ်ယောက်နဲ့တစ်ယောက်နဲ့ တိုက်ပွဲတွေဖြစ်လို့ ပစ်ခတ်ကြတဲ့သေနတ်သံတွေဟာ ဒီကနေ့အထိ တစ်ရက်မှမစဲခဲ့သေးပါဘူး။ ဒါဟာ ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေးမရှိဘူးဆိုတာကို ပြသနေပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ မကြာသေးခင်ကာလက ရခိုင်မြောက်ပိုင်း ကိစ္စကို အကြောင်းပြုပြီးတော့ နိုင်ငံတကာကနေ ကျွန်တော်တို့နိုင်ငံအပေါ်မှာ ဖိအားပေးပြောဆို လာတာတွေ၊ ပြင်းပြင်းထန်ထန်ဝေဖန် ပြောဆိုတာတွေရှိပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့လည်း ဒါဟာကျွန်တော်တို့နိုင်ငံ အချုပ်အခြာအာဏာကို ထိပါးတာဖြစ်တယ်လို့ ခံစားရတဲ့သူအများအပြား ရှိပါတယ်။ အချုပ်အခြာအာဏာကို ထိပါးတယ်ဆိုတာ တစ်နည်းအားဖြင့် ကျွန်တော်တို့ရဲ့ လွတ်လပ်ရေး ထိပါးခံရတာပါပဲ။ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဟာ ခြိမ်းခြောက်ခံရတဲ့သဘောပါပဲ။ အဲဒီတော့ ဒါကိုကြည့်လိုက်ရင် ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီမရှိခြင်းရဲ့အကျိုးဆက်အဖြစ်နဲ့ ငြိမ်းချမ်းရေးလည်း ကျွန်တော်တို့မရဘူး။ လွတ်လပ်ရေးအချုပ်အခြာအာဏာလည်း ထိပါးခြင်းခံနေ ရတယ်ဆိုတဲ့အခြေအနေကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ၂၀၁၀ ခုနှစ်ကစပြီး တော့ နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ ပြည်သူလူထုက အသဲကြားက မဲတစ်ပြားနဲ့ရွေးချယ်တင်မြှောက်တဲ့ ပြည်သူ့အစိုးရပေါ်လာခဲ့ပါတယ်။ ဒီအချိန်ကစပြီးတော့ ဒီမိုကရေစီစံနှုန်းတွေနဲ့ညီအောင်လို့ အစစအရာရာ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး ကိစ္စတွေမှာ ဒီမိုကရေစီစံနှုန်းတွေနဲ့ညီတဲ့ လုပ်နည်းလုပ်ဟန်တွေနဲ့ ပေါ်ပေါက်လာအောင် တွန်းအား ပေးပြီးတော့ ကြိုးစားလာခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ

မကွေးတက္ကသိုလ်မှာပြုလုပ်ခဲ့တဲ့ လူငယ်ဘက်စုံပွဲတော်မှာ သမ္မတကြီးဦးဝင်းမြင့်ပြောကြားခဲ့တဲ့ မိန့်ခွန်းလေးက ကောက်နုတ်ချက်လေးတစ်ခု ကျွန်တော်ဖတ်ပြချင်ပါတယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ ၃၃.၈ ရာခိုင်နှုန်းဟာ အသက် ၁၅ နှစ်နဲ့ ၃၅ နှစ်ကြားရှိ လူငယ်တွေဖြစ်ပါတယ်။ ဒီလူငယ်တွေဟာ ကျွန်တော်တို့မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖြစ်သလို အနာဂတ်နိုင်ငံတော်ရဲ့ ခေါင်းဆောင်မှုအခန်းကဏ္ဍကိုလည်း လက်ဆင့်ကမ်းအမွေယူ ကြရမယ့်သူတွေလည်း ဖြစ်ပါတယ်။ နိုင်ငံရဲ့အနာဂတ်ဟာ လူငယ်တွေရဲ့လက်ထဲမှာရှိပါတယ်။ လူငယ်တွေ လေ့လာအားထုတ်မှု၊ အကြားအမြင်ဗဟုသုတကြွယ်ဝမှု၊ ထူးချွန်ထက်မြက်မှု၊ ရိုးသားပွင့်လင်းမှု၊ အများအကျိုးသယ်ပိုးလိုမှုနဲ့ တက်ကြွလှုပ်ရှားမှုများဟာ နိုင်ငံဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်ပါတယ်လို့ နိုင်ငံတော်သမ္မတကြီးက ပြောကြားခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ နိုင်ငံရဲ့အနာဂတ်ကို ထွန်းလင်းပြလိုက်တဲ့ ကောက်နုတ်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလွှတ်တော်ကြီးထဲမှာ ရှိနေတဲ့သူအားလုံးသာမက ကျွန်တော်တို့ရဲ့ မဏ္ဍိုင်သုံးရပ်မှာရှိနေတဲ့သူတွေ အားလုံးဟာ တစ်နေ့မှာ လူငယ်တွေလက်ထဲကို ကျွန်တော်တို့ရဲ့တာဝန်တွေကို ပုခုံးပြောင်းလွှဲပေး ရမှာပါ။ အဲဒီတော့ ဒီလူငယ်တွေဟာ တကယ်ထက်မြက်တဲ့၊ ပညာပြည့်ဝနှလုံးလှတဲ့လူငယ်တွေဖြစ်ဖို့ လိုပါတယ်။ ဒီမိုကရေစီစံနှုန်းတွေကို အသဲထဲ၊ အရိုးထဲထိ စွဲနေအောင်သိတဲ့ ဒီစံနှုန်းတွေကို သေသေချာချာ လိုက်နာကျင့်သုံးတဲ့လူငယ်တွေဖြစ်ဖို့ လိုပါတယ်။ ဒါမှသာ ကျွန်တော်တို့ရဲ့ အနာဂတ် နိုင်ငံတော်အတွက် စိတ်အေးကြရမှာဖြစ်ပါတယ်။ အဲဒီတော့ အဆိုရှင်ကလည်း ကျောင်းတွေမှာ ဒီမိုကရေစီစနစ်တွေ၊ ဒီမိုကရေစီလုပ်နည်းလုပ်ဟန်တွေ စတင်ကျင့်သုံးပေးဖို့ဆိုပြီးတော့ သူက အဆိုမှာ တင်သွင်းထားတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကနေ့ လူငယ်တွေအများစုဟာ တော့ ကျောင်းတွေမှာပဲရှိကြတယ်ဆိုတော့ အဲဒီလူငယ်တွေကို ဒီမိုကရေစီအလေ့အကျင့်တွေ ခိုင်မာလာအောင်၊ သူတို့ကျင့်သုံးတတ်လာအောင်၊ ဒီမိုကရေစီအလေ့အထတွေ သူတို့ရင်ထဲ၊ အသည်းထဲစွဲသွားအောင်လို့ လုပ်ပေးနိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့အနာဂတ်မှာ

ဒီမိုကရေစီဟာ အမြဲတမ်းထွန်းကားတည်တံ့ပြန့်ပွားနေမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့ အကျိုးဆက်အဖြစ်နဲ့ ငြိမ်းချမ်းရေး၊ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေးဆိုတဲ့ အရေးတွေဟာလည်း ဒီဟာနဲ့တစ်ဆက်တည်း ရှိနေမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ကျောင်းတွေမှာ ငယ်ငယ်တုန်းကတည်းက ကျောင်းကောင်စီတွေဆိုတာ ရှိပါတယ်။ အသင်းလေးသင်းဆိုတာရှိပါတယ်။ သို့သော်လည်း အဲဒီဟာတွေဟာ ကျောင်းသားတွေရဲ့ကိုယ်တိုင် ရွေးချယ်မှု၊ ဖွဲ့စည်းမှု၊ စနစ်တကျရွေးကောက်တင်မြှောက်မှုကနေပြီးတော့ ဖြစ်လာတာမဟုတ်ပါဘူး။ အဲဒီတော့ ကျောင်းအုပ်ကြီးတွေ၊ ကျောင်းဆရာဆရာမတွေ၊ အတန်းပိုင်ဆရာဆရာမတွေကနေပြီးတော့ ဖွဲ့စည်းပေးလိုက်တဲ့သူတွေကနေပြီးတော့ ဒီတာဝန်တွေကို ထမ်းဆောင်ကြရတာ ဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာတော့ ဒီလိုသွားဖို့အတွက်က ခေတ်နဲ့မလျော်ညီတော့ဘူးလို့ထင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသလိုပဲ ကျွန်တော်တို့ရဲ့ဒီမိုကရေစီစနစ်ခိုင်မြဲဖို့ဆိုတာလည်း စာသင်ကျောင်းတွေကစရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျောင်းကောင်စီတွေ၊ ကျောင်းသားအသင်းအဖွဲ့တွေကို ကျောင်းသားတွေကိုယ်တိုင် ပါဝင်လှုပ်ရှားရွေးချယ်၊ ရွေးကောက်တင်မြှောက်ပြီး ဒီအသင်းအဖွဲ့တွေကနေတစ်ဆင့် ကျောင်းဖွံ့ဖြိုးရေး၊ မိမိတို့ရဲ့ရပ်ရွာ၊ ဒေသ၊ မြို့နယ်၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် လုပ်သွားကြမှ အောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင် ရွှေပြည်သာမဲဆန္ဒနယ်က ဦးဉာဏ်လင်းရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြရင်း ကျွန်တော်ရဲ့ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်လှ(ဓနုဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ဓနုဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှ ဖြစ်ပါတယ်။ ဦးဉာဏ်လင်းရဲ့အဆိုမှာ ရည်ရွယ်ချက်သုံးချက်ပါရှိပြီး အချုပ်အားဖြင့်ဆိုသော် အခြေခံနှင့်အဆင့်မြင့်ပညာကျောင်းတွေမှာ

ကျောင်းကောင်စီအသင်းများကို ဒီမိုကရေစီလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ၊ နည်းလမ်းတကျ ရွေးချယ်တင်မြှောက်ဖွဲ့စည်းပြီး ကိုယ်တိုင်ပါဝင်ဆောင်ရွက်သည့်စနစ်တစ်ရပ်ကို ၂၀၂၀-၂၀၂၁ ခုနှစ်မှစ၍ အကောင်အထည်ဖော်စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်ခင်ဗျား။ ခေတ်အဆက်ဆက် အစိုးရများလက်ထက်မှာလည်းပဲ ဒီလိုအသင်းတွေဆောင်ရွက်ခဲ့တဲ့သာဓကတွေလည်း ရှိပါတယ်။ ယနေ့ကာလသည် ကျွန်ုပ်တို့မြန်မာနိုင်ငံဟာ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဆီကို လျှောက်လှမ်းနေချိန်လည်း ဖြစ်ပါတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားပြန်လည်ညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ လောကပါလတရားတွေထွန်းကားရေးတွေကို ရှေးရှုကြိုးစားနေတဲ့အချိန်ဖြစ်တာမို့ အဆိုရှင်ရဲ့အဆိုဟာ အချိန်ကိုက် ဖြစ်နေပါတယ်။

ဒီအဆိုရှင်တင်ပြတဲ့ ကျောင်းကောင်စီအသင်းတွေဟာ ၁၉၇၃ ခုနှစ် ကာလကတည်းက စတင်ပေါ်ပေါက်ခဲ့ပြီးတော့ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ(ဝါ၊ စိမ်း၊ နီ၊ ပြာ) လေးသင်းရယ်လို့ ရှိခဲ့ပြီးတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပြီးတဲ့နောက်မှာလည်း ပြည်ထောင်စုသမ္မတနိုင်ငံတော်အဖြစ်သို့ ပြောင်းလဲပြီးဖြစ်သဖြင့် နောက်ထပ်တစ်သင်းထပ်မံတိုးချဲ့ဖွဲ့စည်းလိုက်တဲ့အတွက် အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ(လိမ္မော်၊ ဝါ၊ စိမ်း၊ နီ၊ ပြာ)အသင်းငါးသင်းရယ်လို့ ပေါ်ပေါက်ခဲ့ပါတယ်။ ဒါကြောင့် ကျောင်းကောင်စီအဖွဲ့အစည်းဆောင်ရွက်ခြင်းကို ဒီမိုကရေစီကျင့်စဉ်များနဲ့အတူ ကျောင်းတွင်း ဒီမိုကရေစီစနစ်ကို လေ့ကျင့်ဖော်ဆောင်ပေးရန် လိုအပ်တယ်လို့ ပြောထားပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ အနှစ်ချုပ်ကို အခြေခံမှာ လွတ်လပ်စွာတွေးဆ၊ ပြောဆို၊ ရေးသား၊ သဘောထားဆန္ဒထုတ်ဖော်ခြင်းနှင့် ရွေးချယ်ခွင့်များ အပြည့်အဝပါရှိပါတယ်။ သို့သော် လွတ်လပ်မှုကို လက်တွေ့ကျင့်သုံးရာတွင် အများစု

က သဘောတူညီစွာ ရွေးချယ်သတ်မှတ်ပြဋ္ဌာန်းထားသည်ကို လိုက်နာကြရမယ့်သဘော ဖြစ်ပါတယ်။ အများစုရဲ့သဘောဆန္ဒကို လိုက်လျောသူအနည်းစုရဲ့ဆန္ဒကိုလည်းကိုလည်းပဲ လက်ခံကြရတဲ့သဘော ဖြစ်ပါတယ်။ အဲဒီတော့ ရွှေပြည်သာမဲဆန္ဒနယ်က ဦးဉာဏ်လင်းတင်ပြထားသလို ကျောင်းတွင်း ဒီမိုကရေစီကနေပြီးတော့ ပြည်ထောင်စုမြန်မာနိုင်ငံကြီး တည်ဆောက်ရေးအထိ အထောက်အကူပြုမယ့် မျိုးဆက်သစ်လူငယ်တွေကို ဒီမိုကရေစီအလေ့အကျင့်တွေ ပျိုးထောင်ပေးဖို့ ဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေဖြစ်ကြတဲ့ ကျောင်းသားလူငယ်တွေကို ဒီမိုကရေစီနိုင်ငံသားကောင်းတွေ ဖြစ်အောင်၊ ချွန်၊ မွန်၊ တော်၊ ကောင်းတဲ့ နိုင်ငံသားတွေဖြစ်အောင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝပြီး လက်ရုံးရည်၊ နှလုံးရည်၊ ပညာရည်၊ ဘက်စုံစွမ်းရည်တွေနဲ့ပြည့်အောင်၊ ဗလငါးတန်ပြည့်စုံအောင်၊ ဒီမိုကရေစီသားကောင်းသမီးမွန်တွေဖြစ်အောင်၊ ၂၁ ရာစုရဲ့ လူသားစွမ်းရည်တွေပြည့်အောင်၊ နှလုံးသားလှပြီး အသုံးကျတဲ့သူတွေဖြစ်အောင် ပြုစုပျိုးထောင်မွေးထုတ် တာဝန်ရှိသူတွေဟာ နိုင်ငံတော်အစိုးရသာမက ဆရာ၊ မိဘ၊ အုပ်ထိန်းသူများ၊ အများပြည်သူ၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များလည်း ပါဝင်ကြပါတယ်ခင်ဗျား။ အဲဒီတော့ ကျောင်းကောင်စီ အသင်းအဖွဲ့တွေဖွဲ့ပြီးတော့ အခြေခံမူအရဆိုရင် အားကစား၊ ကျန်းမာ၊ စိုက်ပျိုး၊ စာပေ၊ ဂီတ၊ အနုပညာ၊ ဟောပြောစတဲ့ ကျောင်းတွင်းလုပ်ငန်းတွေမှာ ကိုယ်တိုင်ကိုယ်ကျ ထဲထဲဝင်ဝင် ပူးပေါင်းပါဝင် ဆောင်ရွက်ရတဲ့သဘောမျိုး ဖြစ်ပါတယ်။

မြန်မာ့နိုင်ငံရေးနဲ့ ပညာရေးသမိုင်းကို ပြန်ပြောင်းကြည့်လိုက်လို့ရှိရင် ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ရှေ့လမ်းစတွေကိုလည်း အထင်အရှားတွေ့မြင်နိုင်ပါတယ်။ ထိုခေတ် ကျွန်တော်တို့ငယ်စဉ် ၁၉၅၃ ခုနှစ်လောက်က မြေဝိုင်းအကတွေ၊ ယိမ်းတွေမှာ ကျွန်တော်တို့ ကိုယ်တိုင်မြင်တွေ့ ကြည့်ရှုခဲ့ပါတယ်။ ဆူပူမှုတွေဖယ်ရှားလိုက်ပါ ဒီမိုကရေစီပျက်ပြားလို့သာ။ ဒီမိုကရေစီဆိုတာ ဆူပူမှုမရှိဘူး။ ပူးပေါင်းဆောင်ရွက်ပြီးတော့ အပြန်အလှန်လေးစားတဲ့သဘောပါ။ အဲဒီတော့ ကျွန်တော်တို့ရဲ့ အခြေခံပညာကျောင်းတွေဟာ ဘဝမျိုးစုံ၊ အလွှာမျိုးစုံ၊ အရောင်အသွေး

မျိုးစုံနဲ့ မတူကွဲပြားမှုတို့ရဲ့ ပေါင်းဆုံရာဆုံချက်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မျိုးဆက်သစ် လူငယ်တွေကို ကျွန်တော်တို့အနေနဲ့ ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းကစပြီးတော့ သီလသမာဓိနဲ့ပြည့်စုံတဲ့ လူငယ်လူကောင်းဖြစ်ပါမှ ကြီးတဲ့အခါမှာ သီလသမာဓိ၊ ပညာ၊ သစ္စာနဲ့ ပြည့်စုံတဲ့ လူကြီးလူကောင်းများ ဖြစ်လာနိုင်မှာဖြစ်ပါတယ်။ အကြောင်းနဲ့အကျိုး၊ အကောင်းနဲ့အဆိုး၊ အကျိုးနဲ့အပြစ်၊ အနှစ်နဲ့အကာ၊ လူကောင်းနဲ့လူဆိုး၊ လူရိုးနဲ့လူယုတ်မာ၊ လူဖြောင့်နဲ့လူကောက်၊ ကောင်းမှုနဲ့ မကောင်းမှု၊ ဓမ္မနဲ့အဓမ္မ၊ တရားမှုနဲ့မတရားမှု၊ အမှောင်နဲ့ အလင်း၊ အရှုပ်နဲ့အရှင်းတို့ကို ဝေဖန်ပိုင်းခြားတတ်သည့် Critical Thinking ဆိုတဲ့ ၂၁ ရာစုရဲ့ တွေးခေါ်မြင်မှုတွေလည်း ပေးဖို့လိုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီ သမိုင်းကြောင်းကို ပြန်ကြည့်လို့ရှိရင် ၁၉၅၂ ခုနှစ်က ပြည်တော်သာစီမံကိန်း၊ ဘဝသစ်စီမံကိန်းရဲ့ ပညာရေးမူဝါဒမှာ ပြည်ထောင်စု အတွင်း ဗလငါးတန်ပြည့်စုံသော ပြည်ထောင်စုသားများ ပေါ်ထွန်းလာစေရန်၊ ပြည်ထောင်စုကြီးအတွင်း ဗလငါးတန်နှင့်ပြည့်စုံသော ပြည်ထောင်စုသားများ ပေါ်ထွန်းလာစေရန်၊ ပြည်ထောင်စုကြီး အတွင်း ဒီမိုကရေစီဝါဒကြီး တည်တံ့ခိုင်မြဲရန်ဆိုတဲ့ အချက်ပါတယ်။ ၁၉၆၀ ခုနှစ် ပြည်ထောင်စု အစိုးရလက်ထက်မှာ ပြည်ထောင်စုအစိုးရနှင့် တော်လှန်ရေးကောင်စီကြားကာလမှာ ၁၉၆၁ ခုနှစ်၊ ၁၉၆၅ ခုနှစ် တတိယလေးနှစ် ပညာရေးစီမံကိန်းလုပ်ငန်း(၁၂)ထဲမှာ ပညာရေးတိုးတက်မှုလုပ်ငန်းမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် ပညာ၊ စည်းကမ်း၊ ဒီမိုကရေစီဝါဒတွေ လျင်မြန်စွာ အမြစ်တွယ်ရေးဆိုတဲ့ အချက်တွေပါပါတယ်။ ၂၀၀၈ အခြေခံ။

[ဆွေးနွေးရန်သတ်မှတ်ချိန်ပြည့်သဖြင့် မိုက်ပိတ်သွားပါသည်။]

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ရွှေပြည်သာမဲဆန္ဒနယ်က ဦးဉာဏ်လင်းရဲ့အဆိုကို ဝေဖန်ဆွေးနွေးသွား ပါမယ်။ အဆိုရဲ့ခေါင်းစဉ်အနှစ်ချုပ်ကတော့ ကျောင်းကောင်စီကို ဒီမိုကရေစီနည်းကျဖွဲ့စည်းဖို့ ၂၀၂၀-၂၀၂၁ ခုနှစ်မှာစတင်ဖို့ အစိုးရကိုတိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ကျောင်းတွေမှာ ကျောင်းကောင်စီဆိုတာ ဖွဲ့စည်းပြီးသားဖြစ်ပါတယ်။ နှစ်စဉ် ဇူလိုင်လအတွင်း ဖွဲ့စည်းရတာ ဖြစ်ပါတယ်။ အခုတော့ ကိုဗစ်ကာလကြောင့် အနည်းငယ်တုံ့ဆိုင်းနေတာကိုတွေ့နိုင်ပါတယ်။ အဆိုရှင်က မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလမ်းကြောင်း၊ ဒီမိုကရေစီမခိုင်မြဲခဲ့တဲ့အကြောင်းတွေကို အစချီ ပြီးတော့ ဒီမိုကရေစီရဲ့အလေ့အကျင့်ကောင်းတွေကို ငယ်စဉ်ကတည်းက လေ့ကျင့်ပေးရမယ်လို့ ဆိုထားပါတယ်။

အခုလည်း ကျောင်းကောင်စီတွေ ကျောင်းတွေမှာဖွဲ့စည်းပြီးသားရှိပါတယ်။ ကျောင်းကောင်စီ ဖွဲ့စည်းခြင်းရဲ့ရည်ရွယ်ချက်လေးခုရှိပါတယ်။ (၁) ကျောင်းကောင်စီကို ဒီမိုကရေစီနည်းကျ စည်းကမ်းနဲ့အညီ ရွေးချယ်ဖွဲ့စည်းရန်၊ (၂) ကောင်းမွန်သာယာ ညီညာပျော်ရွှင် တိုးတက်သောကျောင်း ဖြစ်လာရန်၊ (၃) ဒီမိုကရေစီကျင့်စဉ်နှင့်အညီ မှန်ကန်သော တွေးခေါ်ကျင့်ကြံပြောဆိုမှု နေထိုင် တတ်သည့် ကောင်းမွန်သော အလေ့အထများ ရရှိလာစေရန်၊ (၄) တစ်ဦးချင်းစီမှာ ရှိပြီးသား ဗီဇဝါသနာကောင်းများထွန်းကားရေးကို ပြုစုပျိုးထောင်ရန်နှင့် အခက်အခဲပြဿနာများကို စုပေါင်း ဖြေရှင်းတတ်စေရန်ဆိုတဲ့ ရည်ရွယ်ချက်လေးခုရှိပါတယ်။ ကျောင်းကောင်စီမှာ အဆိုရှင်ပြောသလို လေးသင်းမဟုတ်ပါဘူးခင်ဗျား။ ငါးသင်းပါ။ ကျွန်တော်တို့ငယ်စဉ်ကသာ အသင်းလေးသင်းဖြစ်ခဲ့ ပါတယ်။ ကျန်စစ်သားက အဝါရောင်၊ ဘုရင့်နောင်က အစိမ်းရောင်၊ အလောင်းဘုရားက အနီရောင်၊ ဗန္ဓုလက အပြာရောင်ဖြစ်ခဲ့ပါတယ်။

သတင်းတစ်ပတ်တိုင်းမှာ ကျောင်းပိတ်ရက်က ငါးရက်ဖြစ်လို့ အသင်းငါးသင်းကိုက်သွားအောင် အနော်ရထာ လိမ္မော်ရောင်ရယ်လို့ ထပ်မံထည့်သွင်းထားခြင်းဖြစ်ပါတယ်။ အသင်းတွေကို အဝါအသင်း၊ အစိမ်းအသင်းစသည်ဖြင့် မခေါ်ရပါဘူး။ ကျန်စစ်သားအသင်း၊ ဘုရင့်နောင်အသင်း၊ အလောင်းဘုရားအသင်းလို့ပဲ ခေါ်ရပါတယ်။ ကျောင်းကောင်စီကိုဖွဲ့စည်းတဲ့နေရာမှာ အမှုဆောင်အဖွဲ့ရှိပါတယ်။ အထက်တန်းကျောင်းတစ်ကျောင်းမှာဆိုရင် ကျောင်းကောင်စီအဖွဲ့ဝင်အမှုဆောင် ၂၀ ဦး၊ အလယ်တန်းကျောင်းမှာ ၁၈ ဦးရှိရပါတယ်။ ကျောင်းအုပ်ကြီးကတော့ ဥက္ကဋ္ဌအဖြစ်နဲ့ ဆောင်ရွက်ရပါတယ်။ ဒုတိယဥက္ကဋ္ဌကတော့ ဆရာဆရာမတစ်ဦး ဖြစ်ပါတယ်။ အတွင်းရေးမှူးကတော့ ကျောင်းသားကျောင်းသူတစ်ဦးစီဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူထဲကတစ်ဦးဖြစ်ပါတယ်။ တွဲဖက်အတွင်းရေးမှူးကတော့ ကျောင်းသားကျောင်းသူတွေထဲကတစ်ဦးပါ။ နောက်အသင်းငါးသင်းက တာဝန်ခံဆရာဆရာမငါးဦး၊ အသင်းငါးသင်းထဲက တာဝန်ခံကျောင်းသားကျောင်းသူငါးဦး၊ အတန်းကိုယ်စားလှယ် အလယ်တန်းဆိုရင် လေးဦး၊ အထက်တန်းဆိုခြောက်ဦးတို့ပါဝင်ဖွဲ့စည်းရပါတယ်။

မူလတန်းကျောင်းလေးတွေမှာတော့ ဆရာဆရာမနဲ့ ကျောင်းသားအရေအတွက်ပေါ်မှာမူတည်ပြီးတော့ အသင်းငါးသင်းဖွဲ့စည်းပေးရန်သာဖြစ်ပါတယ်။ ကျောင်းကောင်စီအမှုဆောင်အဖွဲ့ကိုဖွဲ့စည်းပြီးတဲ့နောက် ကတိသစ္စာခံယူပွဲလုပ်ရပါတယ်။ ဒီနောက် တစ်ပတ်အတွင်း အစည်းအဝေးခေါ်ရပါတယ်။ လစဉ်ပုံမှန်အစည်းအဝေးကို လတစ်လရဲ့နောက်ဆုံးသီတင်းပတ်မှာကျင်းပရပါတယ်။ အစည်းအဝေးရဲ့ဆုံးဖြတ်ချက်ကို ကြော်ငြာသင်ပုန်းမှာကပ်ပေးရတယ်။ ဒါကညွှန်ကြားချက်ပါ။ သို့သော်လည်း ညွှန်ကြားချက်တွေကို အကောင်အထည်ဖော်မှုတော့အားနည်းနေတာကို တွေ့ရပါတယ်။ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးစသည်တို့ကို မဲနဲ့ရွေးရတာပါ။ အသင်းတာဝန်ခံဆရာဆရာမ၊ ကျောင်းသားတွေကိုလည်း

မဲနဲ့ပဲရွေးရပါတယ်။ ဒါပေမဲ့လို့ ကျောင်းသားများလွန်းတဲ့ ကျောင်းတွေမှာတော့ အခက်အခဲရှိနေကြောင်း ကြားသိရပါတယ်။

ကျောင်းကောင်စီရဲ့အခြေခံမူ(၉)ချက်ရှိပါတယ်။ (၁) ကျောင်းတိုးတက်သာယာရေးအတွက် ကျောင်းသားကျောင်းသူများ တတ်အားသရွေ့ကိုယ်တိုင်ပါဝင်ခွင့်ရှိသည်။ (၂) ကျောင်းကောင်စီ၏ လုပ်ငန်းများ၊ ကျောင်းကိစ္စ၊ သန့်ရှင်းရေး၊ စိုက်ပျိုးရေး၊ ပန်းချီ၊ ဂီတ၊ အားကစားစသည်တို့မှာ မိမိတို့ရဲ့ ထင်မြင်ယူဆချက်များကို နည်းလမ်းတကျတင်ပြခွင့်ရှိသည်။ (၃) အကြံသစ်၊ ဉာဏ်သစ်များ တင်ပြခွင့်ရှိသည်။ တင်ပြခြင်းကိုလည်း လက်ခံအားပေးရမည်။ (၄) ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူများ အပြန်အလှန်လေးစားရမည်။ (၅) လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျား/မ မရွေး ကျောင်းကောင်စီတွင် ပါဝင်ခွင့်ရှိသည်။ (၆) တပည့်ထက် ဆရာက ပိုမို၍အတွေ့အကြုံ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုရှိသည်ကို လက်ခံရမည်။ (၇) ကျောင်းကိစ္စဟူသမျှ နောက်ဆုံးအဆုံးအဖြတ်ပေးသူမှာ ကျောင်းအုပ်ကြီးဖြစ်သည်။ (၈) ကျောင်းနှင့်ကျောင်းသား အကျိုးပြုသဘောဆောင်သောစည်းကမ်းများကို တင်ပြခွင့်ရှိသည်။ (၉) ကျောင်းလုပ်ငန်းများအတွက် လွတ်လပ်စွာကြံဆတီထွင်လုပ်ကိုင်ရန် တင်ပြခွင့်ရှိသည်ဆိုတဲ့ အခြေခံမူများဟာ အဆိုရှင်တင်ပြတဲ့ ဒီမိုကရေစီကျင့်စဉ်များကို အားပေးအားမြှောက်ပြီးဖြစ်ပါတယ်။

ဒါကြောင့် လက်တွေ့အကောင်အထည်ဖော်ဖို့ကတော့ ဆရာဆရာမများနှင့် ကျောင်းအုပ်ကြီးများ၊ စစ်ဆေးရေးအဖွဲ့များရဲ့ တာဝန်သာဖြစ်ပါတယ်။ အဆိုရှင်က ကျောင်းများမှာသာမက အဆင့်မြင့်ပညာရေးကျောင်းများမှာလည်း ဖွဲ့စည်းဖို့လိုတယ်လို့ အဆိုမှာပါဝင်ပါတယ်။ အဆင့်မြင့်ပညာရေးကျောင်းတွေဆိုတာ တက္ကသိုလ်တွေ၊ ကောလိပ်တွေ၊ သိပ္ပံတွေဖြစ်ပါတယ်။ တက္ကသိုလ်တွေ၊ ကောလိပ်တွေ၊ သိပ္ပံတွေမှာ အခြေခံပညာကျောင်းတွေမှာကဲ့သို့ အသင်းငါးသင်းဖွဲ့ပြီး ကျောင်း ကောင်စီအဖွဲ့ဖွဲ့မယ်ဆိုရင်တော့ အလွန်တရာ ထိလွယ်ရှလွယ်တဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် အနှစ်ချုပ်တင်ပြရရင်တော့ အခြေခံပညာ ကျောင်းများမှာ

ကျောင်းကောင်စီများဖွဲ့စည်းထားရှိပြီ ဖြစ်ပါတယ်။ လက်တွေ့ကျကျ၊ ဒီမိုကရေစီနည်းလမ်း အရအကောင်အထည်ဖော်ဖို့ပဲ လိုပါတယ်။ ဒါကြောင့် ဆရာကြီး ဆရာမကြီးများ၊ ကျောင်းအုပ်ကြီးများမှာ အထူးတာဝန်ရှိပါတယ်။ သက်ဆိုင်ရာ ပညာရေးမှူးများကလည်း ကျောင်းကောင်စီဖွဲ့စည်းရခြင်းရဲ့ရည်ရွယ်ချက်များ ပေါက်မြောက်အောင် အကောင်အထည်ဖော်ဖို့ ကြီးကြပ်ပေးသင့်ပါတယ်။ (၂) တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှာ ဒီလိုအခြေခံပညာကျောင်းများမှာကဲ့သို့ အသင်းငါးသင်းတွေဖွဲ့ပြီး ကျောင်းကောင်စီဖွဲ့ရမယ်ဆိုတဲ့ ကိစ္စကတော့ စိန်ခေါ်ချက်တစ်ခုဖြစ်နေနိုင်ပါတယ်။ ဒါကြောင့် ဒီအကြောင်းများကြောင့် ဒီအဆိုကို မှတ်တမ်းအဖြစ်နဲ့သာ တင်သင့်ပါကြောင်း လေးစားစွာ အကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေးက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး(မိုင်းရှူးမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွှေပြည်သာမဲဆန္ဒနယ်က ဦးဉာဏ်လင်း တင်သွင်းတဲ့ မျိုးဆက်သစ်လူငယ်များအား ဒီမိုကရေစီအလေ့အကျင့်ကောင်းများရရှိစေဖို့ တိုက်တွန်း ထားတဲ့အဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ရာစုနှစ်ထက်ဝက်ကျော်မက ဒီမိုကရေစီဆိတ်သုဉ်းခဲ့ရပြီး အာဏာရှင်စနစ်အောက် မှာ ပြည်သူတွေရဲ့အနာဂတ်မျှော်လင့်ချက်ဟာ ပျက်စီးခဲ့ရပါတယ်။ လက်ရှိအချိန်မှာ မြန်မာနိုင်ငံဟာ ဒီမိုကရေစီဖြေလျှော့ရေးအဆင့်မှသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအဆင့်ကို ဖြတ်သန်းလျက် ရှိပြီး ဒီမိုကရေစီခိုင်မာရေးအဆင့်သို့ ခြေလှမ်းမှန်မှန်နဲ့ လျှောက်လှမ်းနေလျက်ရှိတာကိုလည်း တွေ့မြင်နိုင်ပါတယ်။

လက်ရှိအနေအထားကနေ နောက်ပြန်လှည့်ကြည့်တဲ့အခါ မြန်မာ့ဒီမိုကရေစီခရီးရဲ့ ခက်ခဲစွာ ကျော်ဖြတ်ခဲ့ရတဲ့အစိတ်အပိုင်းတွေကို လှမ်းမြင်တွေ့ရမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ မြန်မာ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဟာ စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒီနေ့ ကမ္ဘာကြီးဟာ Globalization ဖြစ်စဉ်ကြောင့် ဒီမိုကရေစီကမ္ဘာကြီးအဖြစ်သို့ ရောက်ရှိလို့လာနေပြီ ဖြစ်ပါတယ်။ သတင်းအချက်အလက်၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စတွေက ရှေ့တန်းကိုရောက်လာခဲ့ပါတယ်။ ဒီနေ့အချိန်မှာ မြန်မာနိုင်ငံ ဟာလည်း ဒီမိုကရေစီနည်းကျ ပြည်သူတွေကရွေးချယ်တင်မြှောက်လိုက်တဲ့ အစိုးရတစ်ရပ်နဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဖြတ်သန်းလျက်ရှိနေပြီဖြစ်ပါတယ်။ လူထုရဲ့ဒီမိုကရေစီ ထောက်ခံမှုရေချိန်မြင့်တက်လာခဲ့ပြီဖြစ်လို့ အာဏာရှင်စနစ်ဆီ နောက်ကြောင်းပြန်လှန်ဖို့မဖြစ်နိုင် တော့ပေမဲ့ မြန်မာ့ဒီမိုကရေစီဟာ နုနယ်ပြီးဖွံ့ဖြိုးဆဲအဆင့်မှာရှိသေးတဲ့အတွက် ဒီမိုကရေစီ နောက်ပြန်လှည့်ခြင်း၊ လမ်းချော်ခြင်းမရှိဖို့အတွက် နိုင်ငံသူနိုင်ငံသားတွေကိုဒီမိုကရေစီအလေ့အကျင့် များ၊ အသိအမြင်များပေးဖို့ လိုအပ်လျက်ရှိပါတယ်။ ဒီမိုကရေစီစနစ်ကိုကျင့်သုံးကြတဲ့ နိုင်ငံတိုင်းမှာ ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားစည်ပင်ရန် အထူးလိုအပ်ပါတယ်။ ပြည်သူတွေက ဒီမိုကရေစီ စနစ်ကိုယုံကြည်လက်ခံပြီး ခိုင်မာအားကောင်းတဲ့ လူ့ပတ်ဝန်းကျင်တစ်ရပ်ရှိရမှာဖြစ်ပါတယ်။

ဒီမိုကရေစီကျင့်စဉ်ဆိုတာကတော့ လူတစ်ဦးချင်းစီရဲ့ဆန္ဒနဲ့အခွင့်အရေးကို အသိအမှတ် ပြုခြင်းပဲဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းအတွင်းမှာ မတူညီမှု၊ ကွဲပြားခြားနားမှုတွေကို အသိအမှတ် ပြုခြင်းဖြစ်ပါတယ်။ ဒါတွေကိုနားလည်လက်ခံပြီး ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့အပြန်အလှန်တွေ့ဆုံ ဆွေးနွေးညှိနှိုင်း၍ အဖြေရှာကြခြင်းဟာ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းရဲ့ ကျင့်စဉ်တစ်ရပ်ပဲ ဖြစ်ပါတယ်။ နိုင်ငံတကာဒီမိုကရေစီအသွင်ကူးပြောင်းမှုကိုလေ့လာကြည့်တဲ့အခါ ရင့်ကျက်ခိုင်မာတဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် အောင်မြင်စွာတည်ဆောက်နိုင်ခဲ့တဲ့နိုင်ငံတွေရှိသလို ဒီမိုကရေစီနောက်ပြန် လှည့်သွားတဲ့နိုင်ငံများ၊ ဆူပူမငြိမ်သက်မှုများနဲ့ စစ်ပွဲများဆက်လက်ဖြစ်ပေါ်နေတဲ့နိုင်ငံများ၊ ရှေ့မတိုး

နောက်မဆုတ်သာဖြစ်နေတဲ့နိုင်ငံများကိုလည်း တွေ့မြင်နေရပါတယ်။ ကျွန်တော်တို့ရဲ့ တိုင်းပြည်ဟာ လွတ်လပ်ရေးရကတည်းက ပြည်တွင်းစစ်နဲ့ရင်ဆိုင်ခဲ့ရပါတယ်။ ပြည်တွင်းစစ်ကို အခြေခံပြီး မြန်မာနိုင်ငံမှာ စစ်ဘက်အာဏာပိုင်စနစ်ထွန်းကားလာပါတယ်။ လွတ်လပ်ရေးရပြီး သော်လည်း ရာစုနှစ်တစ်ဝက်ကျော်ခန့် ဒီမိုကရေစီဆိတ်သုဉ်းနေခဲ့ပြီး လူ့အခွင့်အရေး ပျောက်ဆုံးခဲ့ရပါတယ်။ ပြည်သူလူထုအားနဲ့ အာဏာရှင်စနစ်ကို အချိန်ကြာမြင့်စွာ ဆန့်ကျင်တွန်းလှန်ခဲ့ရပြီး ဒီမိုကရေစီရေး အတွက် ခက်ခဲပင်ပန်းစွာတိုက်ပွဲဝင်ခဲ့ရပါတယ်။ အာဏာရှင်စနစ်နဲ့ ဒီမိုကရေစီစနစ်ကြားမှာ ကွာခြားချက်ကတော့ အများဆန္ဒနဲ့အမှန်ရောက်အောင် ပြုပြင်နိုင်ခြင်းပဲဖြစ်ပါတယ်။ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းရာမှာ ဒီမိုကရေစီမရှိတဲ့အဆင့်ကနေ အမြင့်ဆုံးဒီမိုကရေစီအဆင့်ဖြစ်တဲ့ Liberal Democracy အဆင့်အထိ အဆင့်ခြောက်ဆင့်ရှိကြောင်း ပညာရှင်တွေက ဆိုထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၇၀ ကျော် အတွင်း အရပ်ဘက်အုပ်ချုပ်ရေးအတွေ့အကြုံက ၁၀ နှစ်ကျော်ခန့်သာ ရှိခဲ့ပါတယ်။ ဒါကြောင့် အတိတ်ကာလက ဒီမိုကရေစီ အတွေ့အကြုံတွေကိုရယူနိုင်ဖို့က မဖြစ်နိုင်ပါဘူး။ ဒီနေရာမှာ ဒီမိုကရေစီအနှစ်သာရ ရှင်သန်နေ စေဖို့အတွက် ပြည်သူတိုင်းက အခွင့်အရေးနဲ့ တာဝန်သိမှု၊ တာဝန်ယူမှုတွေကို မျှတစွာပေါင်းစပ်ကျင့်သုံးနိုင်ရမှာဖြစ်ပါတယ်။

ထို့အတူ ဒီမိုကရေစီစံနှုန်းတွေမနိမ့်ကျစေဖို့နဲ့ မလွဲချော်စေဖို့အတွက်လည်း ပြည်သူလူထု ကပဲ စောင့်ကြည့်တည့်မတ်ပေးသွားရမှာဖြစ်ပါတယ်။ ကမ္ဘာ့ပညာရှင်တွေရဲ့လေ့လာချက်အရ ပညာရေးဟာ ကမ္ဘာကြီးကို အကောင်းဆုံးတည်ဆောက်နိုင်တဲ့အရာလို့ မှတ်သားရပါတယ်။ လက်ရှိ အခြေအနေအရ ပညာရေးစနစ်ကိုတိုင်းတာရာမှာ ကိန်းဂဏန်းတွေ၊ အညွှန်းကိန်းတွေနဲ့ပဲ ဆုံးဖြတ် နေကြတာကို တွေ့ရပါတယ်။ တကယ်ဖြစ်သင့်တာက ကျောင်းသားတစ်ယောက် ဘယ်လောက် တတ်မြောက်သွားသလဲဆိုတာကိုကြည့်မယ်ဆိုရင် အကြောင်းအရာတွေအပေါ် သူဘယ်လိုစဉ်းစား

တွေးခေါ်နိုင်စွမ်းရှိတယ်။ ပြဿနာတွေကိုဆင်ခြင်သုံးသပ်ပြီး ဘယ်လိုဖြေရှင်းနိုင်တယ်ဆိုတာတွေနဲ့ပဲ တိုင်းတာကြရမှာဖြစ်ပါတယ်။

အဆိုရှင်ရဲ့တင်ပြချက်ထဲမှာ သမိုင်းသင်ခန်းစာယူပြီး ဒီမိုကရေစီစနစ်နဲ့ တိုင်းပြည်ကို ပြန်လည်တည်ဆောက်နေရတာကြောင့် စိန်ခေါ်မှုအခက်အခဲတွေကြုံတွေ့နေရတဲ့အတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကနေသွေဖည်မသွားဖို့ မျိုးဆက်သစ်လူငယ်တွေကို ဒီမိုကရေစီအလေ့အကျင့်ခိုင်မာအောင်ပြုစုပျိုးထောင်ပေးဖို့ အထူးလိုအပ်လျက်ရှိကြောင်း၊ ဒီမိုကရေစီအလေ့အကျင့်ကောင်းများရရှိလာပါက နိုင်ငံတည်ဆောက်ရေးမှာ များစွာအကျိုးကျေးဇူးဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ ကျောင်းတွေမှာ အသင်းအဖွဲ့တွေကို ဒီမိုကရေစီနည်းကျဖွဲ့စည်းဆောင်ရွက်စေခြင်းအားဖြင့် နိုင်ငံတော်က လက်ရှိပြောင်းလဲကျင့်သုံးနေတဲ့ပညာရေးစနစ်ကို ပိုမိုအားကောင်းလာစေမှာဖြစ်ကြောင်းဖော်ပြထားပါတယ်။ ဒီမိုကရေစီစနစ်ပီပြင်စွာအကောင်အထည်ဖော်နိုင်ရေးက နိုင်ငံသူနိုင်ငံသားတိုင်းရဲ့တာဝန်ပဲဖြစ်ပါတယ်။ နောင်လာမယ့် မျိုးဆက်သစ်များအတွက်စဉ်းစားပြီးတော့ ဒီမိုကရေစီမျိုးစေ့ရှင်သန်လာစေဖို့၊ ဒီမိုကရေစီအခြေခံအုတ်မြစ်ခိုင်ခံ့စေဖို့အတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းသွားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် အခြေခံပညာရေးရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ နိုင်ငံ့သားကောင်းများဖြစ်ထွန်းရေး၊ အတူတကွ ပူးပေါင်း ဆောင်ရွက်တတ်တဲ့ အလေ့အကျင့် ကောင်းတွေဖြစ်ထွန်းရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ ဆန်းသစ်တီထွင်ဖန်တီးတတ်တဲ့ကလေးတွေ ဖြစ်လာစေရေးစတာတွေကို ရည်မျှော်ပြီးတော့ အဆိုကို ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနေကျော်[ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်]**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေကျော် ဖြစ်ပါတယ်။ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးဉာဏ်လင်း၏အဆိုနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏မျိုးဆက်သစ်လူငယ်များအား ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ခိုင်မြဲစွာရရှိစေရန် အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာ ကျောင်းများတွင် ကျောင်းကိုယ်စားလှယ်များမှသည် ကျောင်းကောင်စီအထိ ဒီမိုကရေစီနည်းကျ အဆင့်ဆင့်ရွေးချယ်ဖွဲ့စည်း၍ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သည့်စနစ်ကို အကောင်အထည်ဖော် ရေးဆိုတဲ့ မဟာဗျူဟာပိုင်းကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ အခြေခံပညာကျောင်းများတွင် ကျောင်းသားကျောင်းသူ များ အသိပညာတိုးစေရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ပတ်သက်သော အသိပညာ ပေးသင်ခန်းစာများကို သင်ကြားပေးနိုင်ရေးအတွက် ဆောင်ရွက်နေတာတွေကို တွေ့နေရပါတယ်။ အဆိုပါသင်ကြားမှုမျိုးကဲ့သို့ စာသင်ကျောင်းများတွင် ကျောင်းတွင်းဒီမိုကရေစီအလေ့အကျင့်ကောင်း များကိုလည်း တွဲဖက်၍ လက်တွေ့သင်ကြားပေးသင့်ပါတယ်။ ဒီမိုကရေစီစနစ်၏ မတူကွဲပြားသည့် အတွေးအမြင်၊ အတွေ့အကြုံများကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးတိုင်ပင်ပြီး အများစု၏သဘော ဆန္ဒနှင့်အညီ ဆောင်ရွက်တတ်သော ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို စာသင်ကျောင်းများမှ စတင်၍ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးရမည့် အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးသည် မွေးဖွားချိန်မှ စတင်ကာ ဘဝတစ်လျှောက်လုံးတွင် စဉ်ဆက်မပြတ် သင်ယူရမည့်အရာများဖြစ်ပြီး နိုင်ငံ၏လူမှု စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရင်းအနှီးဖြစ်သလို စာသင်ကျောင်းများဟာ ကျောင်းသား ကျောင်းသူများအတွက် ဒီမိုကရေစီသဘောတရားများကိုပါ လေ့ကျင့်သင်ကြားပေးရမည့် နေရာဌာနတစ်ခုလည်း ဖြစ်သင့်ပါတယ်။ စာသင်ကျောင်းကို အသင်းတစ်ခု၊ အစည်းအရုံးတစ်ခု၊ လူ့လောကလေးတစ်ခုသဖွယ်ဖြစ်စေမည့် ကျောင်းတွင်းဒီမိုကရေစီအခင်းအကျင်းများကို စနစ်တကျ ဖန်တီးပေးနိုင်မှသာ ကျောင်းသားလူငယ်များဟာ အနာဂတ် ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ အတွေ့အကြုံကောင်းများနှင့်အတူ ဆက်လက်ရှင်သန် လျှောက်လှမ်းနိုင်ကြမှာဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာသင်ကျောင်းများတွင် ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများဟာ ကျောင်းတွင်းဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေး ဖော်ဆောင်မှုအခန်းကဏ္ဍတွင် ကျောင်းတွင်းလုပ်ငန်းတာဝန်များ၊ လိုအပ်ချက်အခက်အခဲများကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုလည်း ဖန်တီးဆောင်ရွက်ထားရှိရန် လိုအပ်ပါတယ်။ ဒါမှသာ ကျောင်းကောင်စီများ တစ်နည်းအားဖြင့် ကျောင်းလွှတ်တော်များကို စနစ်တကျ ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ကျောင်းသားခေါင်းဆောင်များ၊ ကျောင်းသားကိုယ်စားလှယ်များ၊ တာဝန်ခံများကို ရွေးချယ်ခန့်ထားရာမှာလည်း ဆရာဆရာမများ၏ သဘောဆန္ဒအရ တိုက်ရိုက်ခန့်ထားခြင်းမျိုးမပြုလုပ်ဘဲ ကျောင်းသားကျောင်းသူများအား ဒီမိုကရေစီနည်းကျ မဲစနစ်ဖြင့် ရွေးချယ်ခန့်ထားခြင်းမျိုးကိုသာ ဆောင်ရွက်ပေးသင့်ပါတယ်။ ကျောင်းတွင်းဒီမိုကရေစီအောင်မြင်ရေးအတွက် ကျောင်းလောကသည် ပြင်ပလောကနှင့် သက်ဆိုင်နိုင်သမျှ ဆက်စပ်ရမှာဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူများသည်လည်း ကျောင်းလောက၏ ပြဿနာရပ်များကို အကောင်းဆုံးဖြေရှင်းနိုင်ရန်အတွက် ပြင်ပလောက၏ပြဿနာများအပေါ် ဖြေရှင်းသည့်နည်းလမ်းများကိုပါ လေ့လာနိုင်အောင် ဖန်တီးပေးထားရမှာဖြစ်ပါတယ်။ သို့မှသာ ကျောင်းသားကျောင်းသူများ၏ဘဝသည် လောကကြီးကို ရင်ဆိုင်နိုင်ရန် သင်ခန်းစာပေးသောဘဝ ဖြစ်လာပေမည်။ ကျောင်းတွင်းလောကကို ပြင်ပလောကနှင့် နီးစပ်နိုင်သမျှ နီးစပ်စေပြီး ကျောင်းလောကသည် ပြင်ပလောကဇာတ်ခုံ၏ တစ်စိတ်တစ်ဒေသ ဖြစ်နေရပါမယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသားကျောင်းသူများသည် ကျောင်းပြီးလို့ ပြင်ပလောကရောက်ရှိချိန်မှာ ဒီမိုကရေစီအလေ့အထများနှင့် ကျင့်သားရပြီးဖြစ်နေသင့်ပါတယ်။ ဥပမာ- အစည်းအဝေးကျင်းပခြင်း၊ သဘာပတိရွေးချယ်ခြင်း၊ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ထောက်ခံခြင်း စသည့်အချက်တို့ကို ကောင်းစွာနားလည်သိရှိပြီးသူများဖြစ်နေရပါမယ်။ ကျောင်းတွင်းဒီမိုကရေစီကျင့်သုံးသောကျောင်းများမှ ကျောင်းသား

ကျောင်းသူများဟာ ရဲရင့်ခြင်း၊ ယဉ်ကျေးခြင်း၊ မိမိတို့ပြောလိုသော အချက်အလက်များကို မဆုတ်မတွန့် ပြောတတ်ခြင်း၊ အများအကျိုးအတွက် ဆောင်ရွက်လိုခြင်း၊ ပြည်သူ့တာဝန် ဝတ္တရားများနဲ့ အခွင့်အရေးများကို ကောင်းစွာသိရှိခြင်း စတဲ့အရည်အချင်းများကို ရရှိပိုင်ဆိုင်ထားနိုင်ကြရမှာဖြစ်ပါတယ်။ ဒီမိုကရေစီ စနစ်ကို မကျင့်သုံးသောကျောင်းများမှ ကျောင်းသားကျောင်းသူများသည် ကြောက်ရွံ့ခြင်း၊ အထက်မှ ခိုင်းသည်ကိုသာ လုပ်တတ်ခြင်းမျိုးရှိကြပြီး မိမိ၏ပင်ကိုယ်ဉာဏ်ကိုပင် အသုံးမပြုတတ်ကြတော့ တာတွေ့ရပါတယ်။ ဒါကြောင့် စာသင်ကျောင်းများတွင် ဒီမိုကရေစီဝါဒခေတ်စားလာအောင် လုပ်ပေး ဖို့လိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့သမိုင်း၏ နိုင်ငံရေးဆိုင်ရာ အပြောင်း အလဲများကို လေ့လာကြည့်ရာတွင် ဒီမိုကရေစီစနစ်ကိုစိတ်ပျက်၍ အာဏာရှင်စနစ်သို့ ကူးပြောင်း ရန်လွယ်ကူလှသော်လည်း အာဏာရှင်စနစ်ကို စိတ်ပျက်မိ၍ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းမယ် ဆိုပါက လွန်စွာခက်ခဲပြီး တကယ်ကို မလွယ်ကူလှတာတွေ တွေ့ရပါတယ်။ ဒါကြောင့် ဒီမိုကရေစီဝါဒခေတ်စားလာပြီး မျိုးဆက်သစ်လူငယ်များလည်း ငယ်ရွယ်စဉ်မှစ၍ ဒီမိုကရေစီဝါဒ သဘောတရားများကို တန်ဖိုးထားတတ်သူ၊ နားလည်သူများဖြစ်ဖို့ တကယ်အရေးကြီးလှပါတယ်။ နိဂုံးချုပ်အနေနဲ့ပြောလိုတာက နိုင်ငံတော်၏မျိုးဆက်သစ်လူငယ်များအား ဒီမိုကရေစီအလေ့အကျင့် ကောင်းများ ခိုင်မြဲစွာရရှိစေရန်အတွက် နိုင်ငံတော်မှ ယခုအခါ မဟာဗျူဟာများ ချမှတ်ရေးဆွဲ အကောင်အထည်ဖော်သင့်နေပြီ။

[ဆွေးနွေးရန် သတ်မှတ်ချိန်ပြည့်သဖြင့် မိုက်ပိတ်သွားပါသည်။]

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေးပါ။ ဦးဉာဏ်လင်းရဲ့အဆိုအပေါ်မှာ အကြံပြုဆွေးနွေးမှာဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါ။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က နိုင်ငံတော်ရဲ့ မျိုးဆက်သစ်လူငယ်တွေကို ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေ ခိုင်မြဲစွာရရှိစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အခြေခံပညာကျောင်းများရော၊ အဆင့်မြင့်ပညာကျောင်းများမှာပါ အခြေခံအသင်းအဖွဲ့တွေကနေ ကျောင်းကောင်စီအထိ ရွေးချယ်ပါဝင်ဆောင်ရွက်ရေးကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှ စတင်ဆောင်ရွက်ပေးရန် အစိုးရကို တိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။ တကယ်တော့ အခြေခံပညာကျောင်းတွေမှာ အထက်ကကိုယ်စားလှယ်ကြီးတွေတင်ပြသလို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကျောင်းတွင်းဒီမိုကရေစီကိုလေ့ကျင့်ဖော်ဆောင်ဖို့အတွက် ကျောင်းကောင်စီဖွဲ့စည်းခြင်းဆိုင်ရာ၊ အသင်းငါးသင်းဖွဲ့စည်းခြင်းဆိုင်ရာ၊ အမှုဆောင်အဖွဲ့များဖွဲ့စည်းခြင်းနှင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့် လက်စွဲစာအုပ်များ ထုတ်ပြန်ထားပါတယ်။ အခြေခံကျောင်းများကလည်း လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော့်ပျော်ဘွယ်မြို့နယ်အတွင်းမှာ အခြေခံပညာကျောင်းတစ်ကျောင်းရဲ့ ကျောင်းကောင်စီမှတ်တမ်းဓာတ်ပုံအချို့ကို တင်ပြအပ်ပါတယ်။ ဒါ ကျောင်းကောင်စီရွေးချယ်၊ ကတိသစ္စာခံယူ၊ အလံများပေးအပ်နေခြင်းဖြစ်ပါတယ်။ ကျောင်းကောင်စီဖွဲ့စည်းတဲ့နေရာမှာ ဖွဲ့စည်းတဲ့ရည်ရွယ်ချက်လေးချက်ရှိပါတယ်။ အထက်ကလည်း ကိုယ်စားလှယ်တစ်ဦးတင်ပြပါတယ်။ အဲဒီစာပိုဒ်ခွဲ(က)မှာ ကျောင်းကောင်စီကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ရန်လို့ပါရှိသလို စာပိုဒ်ခွဲ(ဂ)မှာ ကျောင်းသားကျောင်းသူတွေကို ဒီမိုကရေစီအလေ့အကျင့် ရရှိထွန်းကားလာရန် ရည်ရွယ်ထားတာ ထင်ရှားစွာ တွေ့မြင်နိုင်ပါတယ်။ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလဆိုတဲ့ အသင်းငါးသင်းဖွဲ့စည်းထားသလို ကျောင်းရဲ့ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုအတွက် အသင်းအဖွဲ့ ၁၆ ဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်ရန် သတ်မှတ်ထားတာ တွေ့ရပါတယ်။ အဆင့်မြင့်ပညာသင်တဲ့ သိပ္ပံ၊ ကောလိပ်နဲ့ တက္ကသိုလ်တွေမှာတော့ ကျောင်းကောင်စီဖွဲ့စည်းထားတာ မတွေ့ရပါဘူး။ ဒါကလည်း အဆင့်မြင့်ပညာသင်တဲ့ သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်များရဲ့ သဘောသဘာဝအရ ဖွဲ့စည်းလုပ်ဆောင်ဖို့ အခြေအနေမပေးလို့ဖြစ်ပါတယ်။ တကယ်တော့

အခြေခံပညာကျောင်းတွေမှာ ကျောင်းကောင်စီဆိုတာ ကျွန်တော်တို့ကျောင်းသားဘဝကတည်းက ရှိခဲ့တာပါ။ ကျွန်တော်တို့ကိုယ်တိုင် ပါဝင်ထမ်းဆောင်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းကောင်စီအဆင့်ဆင့် ရွေးချယ်ဖွဲ့စည်းပြီး ကိုယ်တိုင်ပါဝင်တဲ့စနစ်တစ်ခုကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ စတင်ဆောင်ရွက်ပေးရန်ဆိုတဲ့ တိုက်တွန်းမှုဟာ လိုအပ်ပါသလားလို သုံးသပ်ပေးဖို့ တင်ပြလိုပါတယ်။ အခြေခံပညာကျောင်းတွေမှာ ကျောင်းကောင်စီဝင်များဖြစ်တဲ့ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ စောင့်ထိန်းလိုက်နာရမည့် ကတိသစ္စာလေးချက်ရှိပါတယ်။ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမယ်။ မိမိအတန်းကို ကောင်းအောင်ကြိုးစားရမယ်။ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမယ်။ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမယ်ဆိုတဲ့ အချက်တွေဖြစ်ပါတယ်။ ဒီကတိသစ္စာဟာ ကျောင်းတွင်းဒီမိုကရေစီကျင့်စဉ်ရဲ့ ပင်မကျောရိုးပါပဲ။ ဒီမိုကရေစီကျင့်စဉ်မှာ တစ်ဦးစီရဲ့သဘောဆန္ဒကိုရယူပြီး အများဆန္ဒနဲ့ အကောင်အထည်ဖော်ရတာ ဖြစ်လို့ လူနည်းစုရဲ့သဘောဆန္ဒကိုလည်း ထည့်သွင်းစဉ်းစားပေးရမှာဖြစ်ပါတယ်။ ဒီအတွက် လူတစ်ဦးချင်းစီကောင်းမှသာ စုပေါင်းကျင့်သုံးတဲ့ဒီမိုကရေစီက မှန်ကန်ကောင်းမွန်မှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်ကိုကိုယ်ကောင်းမွန်အောင်ကြိုးစားခြင်းဟာ ဒီမိုကရေစီကျင့်စဉ်အတွက် အဓိကကျတယ်လို့ ရှုမြင်ပါတယ်။ ဒါကြောင့် ဒီကတိသစ္စာဟာ ဒီမိုကရေစီရဲ့ ပင်မကျောရိုးလို့ ဆိုလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဟာ ကျောင်းကောင်စီအသင်းတွေ၊ ဥက္ကဋ္ဌတွေ၊ ဒုတိယဥက္ကဋ္ဌတွေ၊ အတွင်းရေးမှူးတွေကို ဘယ်လိုရွေးချယ်သင့်တယ်ဆိုတာ ဆွေးနွေးထားပါတယ်။ ကျောင်းကောင်စီအဖွဲ့အစည်းရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်တွေကို လက်စွဲစာအုပ်၊ စည်းမျဉ်းများမှာ ဒီမိုကရေစီနည်းလမ်းကျစွာ ဖော်ဆောင်နိုင်အောင် အသေးစိတ်ပြဋ္ဌာန်းထားပါတယ်။ ကျောင်းတွင်းဒီမိုကရေစီနဲ့ပတ်သက်လို့ ဒီလက်စွဲစာစောင် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆရာဆရာမများရော၊ ကျောင်းသားကျောင်းသူများပါ ပါဝင်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ဒါတွေကို ကျွန်တော်

တို့က ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးရန်သာ လိုအပ်မှာဖြစ်ပါတယ်။ အဆိုရှင် ပထမပိုင်း တင်ပြချက်မှာ နိုင်ငံအချို့ဟာ ဒီမိုကရေစီရဲ့အကျင့်ကောင်းတွေ ခိုင်မြဲစွာပျိုးထောင်ထားခြင်းမရှိလို့ ဒီမိုကရေစီစနစ်မှ စတင်သွေဖည်သွားကြောင်း၊ ဒါကိုသင်ခန်းစာယူနိုင်ဖို့ ဒီဒုက္ခသံသရာထဲက လွတ်နိုင်အောင် နိုင်ငံတော်မျိုးဆက်သစ်များကို ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ခိုင်မြဲအောင် ဆောင်ရွက်စေလိုကြောင်း ဖော်ပြထားတာတွေ့ပါတယ်။ ဒီဆန္ဒသဘောထားကို ကြိုဆိုလက်ခံ ပါတယ်။ ကတယ်တော့ ဒီမိုကရေစီဟာ ကျင့်စဉ်တစ်ခုပါ။ ကိုယ်တိုင်ကျင့်ကြံအားထုတ်ရတဲ့အလုပ် ဖြစ်ပါတယ်။ အပြောသက်သက်၊ သဘောတရားသက်သက်နဲ့ တည်ဆောက်လို့မရပါဘူး။ အနာဂတ် နိုင်ငံတော်မှာ ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေ ရှင်သန်စေချင်တယ်ဆိုရင် ကျောင်းသား ကျောင်းသူ လူငယ်တွေကို နိုင်ငံရေးပါတီတွေက မိမိတို့ဝါဒနဲ့ မိမိတို့အလိုကျဖြစ်အောင် ဖန်တီး ခြင်း၊ ဒီမိုကရေစီနဲ့ မင်းမဲ့စရိုက်ကို ခွဲခြားမပြဘဲ လမ်းမပေါ်ဆွဲတင်ခြင်း စတဲ့စည်းမဲ့၊ ကမ်းမဲ့ ဒီမိုကရေစီတွေကို ရှောင်ရှားကြရပါမယ်။ အဆိုရှင်တင်ပြခဲ့သလို နောက်ကြောင်းပြန်လှည့်စေနိုင်တဲ့ အစွန်းရောက်အတွေးအခေါ်တွေ၊ သဘောတရားတွေ၊ အငြိုးအတေးတွေ၊ အာဃာတ အမုန်းတရား၊ ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲရှိသူတွေကို ဖယ်ရှားပြီးတော့ ဒုက္ခဝဲဂယက်ထဲက ပြန်ထွက်နိုင်အောင် လက်တွဲညီညီ ဆောင်ရွက်ကြရပါမယ်။ ဒီမိုကရေစီကိုဖော်ဆောင်နေတဲ့ ခေါင်းဆောင်တွေ၊ လူပုဂ္ဂိုလ်တွေကိုယ်တိုင် က လူငယ်တွေရဲ့ရှေ့မှာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကို ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုနဲ့ကိုက်ညီအောင် ပြုမူကျင့်ကြံဆောင်ရွက်ပြကြရန် အဓိကအရေးကြီးကြပါတယ်။ လူငယ်အားလုံး မိမိကိုယ်ကို ကောင်းအောင်ကြိုးစားလိုစိတ်ကနေပြီးတော့ မိမိတိုင်းပြည်ကို ကောင်းအောင်ကြိုးစားမယ်ဆိုတဲ့စိတ်အထိ မွေးမြူပြီး ဝံသာနုရက္ခိတတရား၊ လောကပါလတရား များကို ခံယူကျင့်သုံးတတ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရမှာပဲဖြစ်ပါတယ်။ စုပေါင်း ခေါင်းဆောင်မှု၊ စုပေါင်းဦးဆောင်မှုနဲ့ မိမိတိုင်းပြည်ကို မှန်ကန်သောလမ်းကြောင်းက ဝိုင်းဝန်း တည်ဆောက်နိုင်ရေးအတွက် ကျောင်းတွင်းဒီမိုကရေစီကို ဘယ်ဘေးပယောဂမှ မပတ်သက်ဘဲ

ဘေးပယောဂများကင်းရှင်းစွာနဲ့ ဆက်လက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရန်သာ အရေးကြီးပါကြောင်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် ယခုအဆိုကို လက်ရှိပညာရေးစနစ်နဲ့ အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ကျောင်းများက ကျင့်သုံးနေတဲ့ အခြေအနေများအပေါ် သုံးသပ်ပြီး လွှတ်တော်ကသာ ဆုံးဖြတ်ပေးနိုင်ပါရန်နဲ့ အားလုံး မိမိကိုယ်ကို ကောင်းအောင်ကြိုးစားနိုင်ကြပါစေကြောင်း ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပြီးတော့မှ အဆိုကို ဝေဖန်သုံးသပ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်က ကျောင်းကောင်စီတွေ ပြန်လုပ်ဖို့၊ အသင်းလေးသင်းမကသတ်မှတ်ဖို့ ထည့်သွင်းပြောကြားခဲ့တာတေ့ွက အဆိုရှင်အနေနဲ့ ကျောင်းတွေဘက်ကို အလှမ်းဝေးနေလို့ ဖြစ်ပါလိမ့်မယ်။ ပညာရေးဝန်ကြီးဌာနက ထုတ်ဝေတဲ့ဒီစာစောင်တွေမှာ အခြေခံပညာကျောင်းများတွင် ကျောင်းကောင်စီများဖွဲ့စည်းဆောင်ရွက်ခြင်းလက်စွဲဆိုတာ စောစောကဦးသောင်းအေးလည်း ပြောသွားပါတယ်။ အဲဒီစာစောင်ကို လေ့လာဖတ်ရှုဖူးပါသလားလို့ ကျွန်တော်က မေးခွန်းထုတ်ချင်ပါတယ်။ အဆိုရှင်ပြောသလို ၁၉၆၂ ခုနှစ်ကစပြီးတော့ ဒီမိုကရေစီဆိတ်သုဉ်းခဲ့တယ်ဆိုရင် ကျွန်တော်တို့ကိုယ်တိုင်ပါဝင်ခဲ့တဲ့ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားနဲ့ ဗန္ဓုလဆိုတဲ့အသင်းတွေ၊ ကျောင်းကောင်စီတွေက ဘာတွေလဲလို့ ကျွန်တော်မေးချင်ပါတယ်။ တပ်မတော်အစိုးရလက်ထက်ကျတော့မှ တောင်တွင်းကြီးက ဦးမင်းသိန်းပြောသလိုပဲ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့တဲ့ အနော်ရထာကို ဂုဏ်ပြုတဲ့အနေနဲ့ အသင်းတစ်သင်းထည့်သွင်းပြီးတော့မှ အသင်းငါးသင်းဖြစ်သွားတာပါ။ ကျောင်းကောင်စီရဲ့ ဆောင်ပုဒ်နှစ်ခုဖြစ်တဲ့ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်၊ စုပေါင်းညီညာ အောင်ကြောင်းဖြာ။ အဲဒါတွေအပြင် ကျောင်းတွင်းဒီမိုကရေစီ၊ တို့များကျောင်းကောင်စီဆိုတာတွေ ရှင်သန်နေဆဲဖြစ်ပြီး

အဲဒီတွေကော အဆိုရှင်ကြားဖူးပါရဲ့လားလို့ မေးချင်ပါတယ်။ တကယ်တော့ရှိပြီးသားအသင်းတွေ လက်ရှိလုပ်နေတဲ့ ကိစ္စရပ်တွေပါ။ အဆိုရှင်ပြောသလို ဗိုလ်တေဇအသင်းထပ်ဖွဲ့မယ်ဆိုတာလည်း ကောင်းပါတယ်။ ဗိုလ်ချုပ်ရှိမှ တချို့က အဆင်ပြေမှာဖြစ်ပါတယ်။ ယခင်ရှိပြီးသားအသင်းငါးသင်းနဲ့ ဗိုလ်တေဇအသင်းကို ထပ်ပြောလို့ရှိရင်တော့ တစ်ပတ်မှာ ခုနစ်ရက်ရှိပြီးတော့ အသင်းက ခြောက်သင်းဖြစ်လို့ တာဝန်ခွဲဝေရတာ အဆင်ပြေမှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဗိုလ်တေဇ အသင်းအပြင် နောက်ထပ်အာဇာနည်တစ်ယောက်နဲ့ အသင်းတစ်သင်းထပ်တိုးပေးမှလည်း အဆင်ပြေလိမ့်မယ် လို့လည်း ကျွန်တော်ဆွေးနွေးလိုပါတယ်။ ဒီမိုကရေစီရဲ့အခြေခံကတော့ တာဝန်ယူမှုနှင့် တာဝန်ခံမှုပါပဲ။ အဲဒီတာဝန်ယူမှုနှင့် တာဝန်ခံမှုဆိုတာ စိတ်ဓာတ်ရေးရာအမူအကျင့် တွေဖြစ်လို့ ဒီမိုကရေစီရဲ့အခြေခံအနှစ်သာရက အခြေခံစိတ်ဓာတ်သဘောထားပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီဆိတ်သုဉ်းတယ်လို့ အဆိုရှင်ဆွေးနွေးတဲ့ကာလတွေမှာတောင်မှ ဒီမိုကရေစီရဲ့အညွန့် အညှောက်ဖြစ်တဲ့ အသင်းငါးသင်းနဲ့ ကျောင်းကောင်စီဆိုတာဟာ စဉ်ဆက်မပြတ် ရှင်သန်ခဲ့တယ် ဆိုတာ သတိပြုစေလိုပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ဒီမိုကရေစီဖော်ဆောင်ဖို့အတွက် အဓိကအချက် သုံးချက်လိုပါတယ်။ အဲဒါတွေကတော့ (၁) Peace and Stability ဖြစ်ပါတယ်။ ဒါမရှိရင် ရွေးကောက်ပွဲ ကျင်းပလို့မရသလို နယ်စပ်ဒေသတွေမှာ သောင်းကျန်းသူတွေရဲ့လက်နက်ကသာ မဲကို အရယူသွားမှာ ဖြစ်ပါတယ်။ (၂)ကတော့ စီးပွားရေးအခြေအနေအသင့်အတင့် ကောင်းရပါမယ်။ လူတွေ ဆင်းရဲလွန်းရင် စားဝတ် နေရေးလုံးပန်းနေရတဲ့အတွက် ပြည်သူတွေကို အယုံသွင်းပြီးတော့မှ နိုင်ငံရေးလမ်းကြောင်းကို လိုရာဆွဲလုပ်ကြံမှုတွေ ရှိနိုင်ပါတယ်။ မဲဝယ်မှုတွေရှိနိုင်ပါတယ်။ (၃)ကတော့ ပညာရေးအဆင့် အတန်း အသင့်အတင့်ရှိရပါမယ်။ ဆင်းရဲရင် ပညာမသင်နိုင်။ ပညာမတတ်တော့ နိုင်ငံရေးနှင့် ပတ်သက်ပြီးတော့မှ မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်တဲ့ Judgment လို့ခေါ်တဲ့ ဆင်ခြင်တုံတရားမရှိ တော့ပါဘူး။ အဲဒီသုံးချက်မပြည့်စုံသ၍

တင်းပြည့်ကျပ်ပြည့်ဒီမိုကရေစီကို ဘယ်တော့မှ မရနိုင်ဘူးလို့ ကျွန်တော်ပြောကြားလိုပါတယ်။ ဆိုရှယ်လစ်ခေတ်မှာလည်း ဆိုရှယ်လစ်ဒီမိုကရေစီ၊ တစ်ပါတီခေတ် မှာလည်း ပါတီတွင်းဒီမိုကရေစီဆိုတာ ရှင်သန်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိဒီမိုကရေစီခေတ်ကြီးမှာ လည်း ကိုယ်စားလှယ်တွေဟာ ဥပဒေနှင့်ညီပါလျက်နှင့် လွှတ်တော်မှာတောင်မှ မေးမြန်းခွင့်၊ ဆွေးနွေးခွင့်မရတာတွေရှိနေပါသေးတယ်။ ကျွန်တော်တို့လို အတိုက်အခံပါတီက ကိုယ်စားလှယ် တစ်ယောက်အနေနဲ့လည်း လွှတ်တော်ရဲ့ဥပဒေ၊ နည်းဥပဒေတွေနဲ့ ငြိစွန်းခြင်းမရှိတဲ့မေးခွန်းတွေကို ခွင့်မပြုဘဲ ငြင်းပယ်ခဲ့ဖို့ကြိုးစားနေတာတွေကိုလည်း ကျွန်တော်တို့က တွေ့နေရပါသေးတယ်။ သာဓကနှစ်ခုပြောချင်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက YRTA ရဲ့ Third Anniversary မှာ ရိုဟင်ဂျာဆိုတဲ့စကားလုံးကို ပြောင်ပြောင်တင်းတင်းသုံးစွဲပါတယ်။ ဒါနဲ့ပတ်သက် ပြီးတော့မှ ရည်ရွယ်ချက်ရှိရှိသုံးစွဲခဲ့တာလား။ မှားပြောတာလား။ မှားခဲ့ရင် တောင်းပန်ဖို့ရှိ/မရှိ ကျွန်တော်က လွှတ်တော်မှာ ဇန်နဝါရီလ ၂၀ ရက်နေ့က ကြယ်ပွင့်ပြမေးခွန်း မေးခဲ့ပါတယ်။ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၀ နည်းဥပဒေခွဲ(က)(ခ)(ဃ)နှင့်(ဇ)တို့အရ ငြိတယ်ဆိုပြီး မေးခွန်းကို ငြင်းပယ်ခဲ့ပါတယ်။ ဒီမေးခွန်းဟာ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ အဆိုနှင့်ပတ်သက်တဲ့ တိုက်ရိုက် ဆွေးနွေးချက်ကိုပဲ လိုလားပါတယ်။ ဥပဒေမှာလည်း အဲဒီလိုပဲ ပြဋ္ဌာန်းထားပါတယ်။ မဆိုင်တဲ့ကိစ္စ တွေ၊ ပြီးပြတ်သွားတဲ့ကိစ္စတွေကို မပြောဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ မှန်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က လည်း ဒီမိုကရေစီကိုပြောနေတာပါ။ အခုဟာက လွှတ်တော်တွင်းဒီမိုကရေစီကိုပြောနေတာပါ။ ဒီမှာ စာအုပ်ရှိတယ်။ (က)(ခ)(ဃ)နဲ့(ဇ)အရ ဘယ်အချက်က ငြိသလဲဆိုတာ ဥက္ကဋ္ဌကြီးရှင်းနိုင်ရင် ကျွန်တော့်ကို ရှင်းပေးပါ။ ဒါကြောင့်ကျွန်တော်ပြောပြနေတာဖြစ်ပါတယ်။ အဲဒီတော့။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ကျွန်တော်ရှင်းမယ်။ အဲဒီမှာ လူတစ်ဦးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ ကို မထိခိုက်စေရတဲ့မေးခွန်းတွေပဲဖြစ်ရမယ်ဆိုတဲ့ဟာတွေပါပါတယ်။ ပါတဲ့ အတွက်ကြောင့် အဲဒါကို မသင့်လျော်လို့ မိမိဥက္ကဋ္ဌအနေနဲ့ တာဝန်အရ၊ လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကိုလည်း ရှင်းလင်းတင်ပြခွင့်ပြုပါ။ နည်းဥပဒေ ၁၄၀ နည်းဥပဒေခွဲ(ဃ)မှာ ပါတာက သာမန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ မေးမြန်းခြင်းမပြုရ။ အခုဟာက အကျင့်စာရိတ္တ မဟုတ်ဘူး။ အပြုအမူမဟုတ်ဘူး။ ဒီကိစ္စက ရိုဟင်ဂျာဆိုတာကို ပြောလို့ ကျွန်တော်တို့က မေးတာ။ ဒါကြောင့်မို့လို့ ရိုဟင်ဂျာဆိုတာကို လွှတ်တော်က မဆွေးနွေးရဘူးလား။ ဒါကို ကျွန်တော်က ဒီအချိန်မှာ ဒီမိုကရေစီနည်းလမ်းနဲ့ပြောတာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရိုဟင်ဂျာဆိုတဲ့ကိစ္စကိုလည်း လွှတ်တော် ပထမသက်တမ်းကတည်းက မသုံးနှုန်းရဘူးဆိုတာ မိမိတို့ကနေ ဆုံးဖြတ်ထားပြီး ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အဲဒီတော့ ကျွန်တော်က သာဓကနှစ်ခုပြောချင်တယ်။ တစ်ခုပြောတာနဲ့ပဲ အခု ဥက္ကဋ္ဌကြီးက ပိတ်တယ်။ ကျွန်တော်ဆက်မပြောပါဘူး။ ရပါတယ်။ ဒါပေမဲ့ ဒီကိစ္စကို လွှတ်တော်က ရိုဟင်ဂျာဆိုတဲ့အကြောင်းကို ကျွန်တော်မေးတာကို ဆွေးနွေးခွင့် မပြုတာကိုတော့ ပြည်သူတွေကြားတယ်ဆိုတာကိုတော့ ဥက္ကဋ္ဌကြီးကို သိစေလိုပါတယ်။ ဒါကြောင့်မို့လို့ စာသင်ကျောင်းတွေမှာ ဒီမိုကရေစီအလေ့အထဖြစ်အောင်လုပ်တာလည်း လုပ်ကြပါ။ လက်ရှိ ဒီမိုကရေစီရဲ့ ပင်မရေသောက်မြစ်ဖြစ်တဲ့ လွှတ်တော်တွင်း အားနည်းပျောက်ဆုံးနေတဲ့ ဒီမိုကရေစီ ရှင်သန်ဖွံ့ဖြိုးအောင်လည်း လုပ်ကြပါဦးလို့ ကျွန်တော်ပြောချင်ပါတယ်။ ဒီမိုကရေစီအရေခြုံထားတဲ့ အာဏာရှင်စနစ်၊ ဒီမိုကရေစီရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ အာဏာရှင်စနစ်ကို ပံ့မဖော်မိကြဖို့၊ တိုက်ဖျက်ကြဖို့ ကိုယ်စားလှယ်အားလုံးမှာ တာဝန်ရှိကြောင်းလည်း ပြောကြားလိုပါတယ်။ အာဏာရှင်ဆိုတာ

သူတို့ရဲ့လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ကြီးမားတဲ့ရည်ရွယ်ချက်ကို ပေါ်ထင်မပြဘဲနဲ့ နိုင်ငံရဲ့ ဂုဏ်သရေအတွက်၊ အများအတွက် တရားနည်းလမ်းကျစွာလုပ်ရတယ်ဆိုတဲ့ အပေါ်ယံဟန်ဆောင်မှု သကာလောင်းပြီးတော့မှ လူထုကိုကြိုးကိုင်တာလည်း အာဏာရှင်ရဲ့လုပ်ရပ်ပါပဲ။ ဒါကို တိုက်ဖျက်ဖို့ အတွက် နည်းလမ်းကောင်းတစ်ခုရှိပြီး အဲဒါကတော့ ပြည်သူတွေအားလုံးက နိုင်ငံရေးကို ကောင်းကောင်းကြီးနားလည်ဖို့လိုပါတယ်။ ပြည်သူတွေတစ်ဦးချင်းက နိုင်ငံရေးကို ကောင်းကောင်း နားမလည်သရွေ့ ရေလိုက်လွဲနေကြဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီအလေ့အထတွေကို ကျောင်းတွေမှာ အသင်းတွေဖွဲ့စည်းပြီး ကျောင်းကောင်စီဖောင်ဒေးရှင်းဖြစ်အောင်လုပ်။ Function ဖြစ်အောင်လုပ်။ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုတာကို ငယ်စဉ်ကတည်းက လေ့ကျင့်၊ စိတ်ကောင်း၊ စေတနာကောင်းရှိဖို့၊ ချစ်ကြည်ရင်းနှီးတဲ့ မေတ္တာတရား၊ ပူးပေါင်းလုပ်ဆောင်တက်တဲ့ စိတ်ဓါတ်၊ အပင်ပန်းခံ အားထုတ်ကျင့်ကြံမှု၊ လုံ့လ၊ ဝီရိယနဲ့ ဘဝကို မြှင့်တင်လိုစိတ်တွေ Foundation ချပေးမယ်ဆိုရင် အနာဂတ်ဒီမိုကရေစီဟာ ရှင်သန်ထွန်းတောက်လာမှာ မလွဲကေန်ပါပဲ။ နိဂုံးချုပ် အနေနဲ့ မတူကွဲပြားမှုတွေကို ညှိနှိုင်းရင်းနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီသစ်ပင်ကြီး ညှိုးနွမ်းပြီး သေဆုံးမသွားအောင် လွှတ်တော်ကြီးက ရေသောက်မြစ်သဖွယ် အားတက်သရော ဖော်ဆောင် နိုင်ပါစေလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ရဲ့ရည်ရွယ်ချက်ကို ကြည့်ရင် အပိုင်းသုံးပိုင်းတွေ့ရပါတယ်။ ပထမအပိုင်းက နိုင်ငံရဲ့မျိုးဆက်သစ်လူငယ်များဟာ ဒီမိုကရေစီ

အလေ့အကျင့်ကောင်းများရှိပြီးတော့မှ ခိုင်မြဲစေရန်လို့ ပါရှိပါတယ်။ ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေဆိုတာ ဘယ်လိုများပါလဲ။ လူရယ်လို့ဖြစ်လာရင် လူတစ်ဦးတစ်ယောက်တည်း နေလို့မရပါဘူး။ လူမှုအဖွဲ့အစည်းမျိုးစုံ၊ နယ်ပယ်မျိုးစုံတွေမှာ လူမျိုးစုံနဲ့ ကူးလူးဆက်ဆံနေထိုင်ကြရပါတယ်။ ဒီအခါမှာ လူ့သဘာဝအရ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့၊ တရားမျှတတဲ့၊ အေးချမ်းသာယာတဲ့၊ နွေးထွေးလုံခြုံတဲ့ လူ့အသိုင်းအဝိုင်းကြီးမှာ နေထိုင်ချင်ကြမှာ အမှန်ဖြစ်ပါတယ်။ ဒါကြောင့် အများနှင့်လိုက်လျောညီထွေဖြစ်ဖို့၊ အများနှင့်အပေးအယူမျှဖို့၊ အများနှင့်အဆင်ပြေချောမွေ့ဖို့စတဲ့ အများဆန္ဒနဲ့အညီဆိုတဲ့ ဒီမိုကရေစီအလေ့အကျင့်တွေ တိုင်းပြည်မှာ ထွန်းကားဖို့၊ ခိုင်မြဲဖို့အရေးကြီးပါတယ်။ ဒီလိုအကျင့်ကောင်းတွေရှိဖို့ဆိုတာ ငယ်စဉ်ကတည်းက စနစ်တကျလေ့ကျင့်ပေးရမှာဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းတွေဖန်တီးပေးရမှာ ဖြစ်ပါတယ်။ ရှေ့ဆောင်လမ်းပြတွေ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ လူတိုင်းဟာ ရပိုင်ခွင့်အခွင့်အရေးရှိတာနှင့်အညီ ဆောင်ရွက်ရန်တာဝန်များ၊ လိုက်နာရမယ့်စည်းကမ်းများလည်း ရှိတယ်ဆိုတာ လူငယ်တွေကို သိမြင်အောင် လေ့ကျင့်ပေးရမှာ ဖြစ်ပါတယ်။

ဒုတိယအပိုင်းအနေနဲ့သုံးသပ်ရမယ်ဆိုရင် ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးစေချင်တဲ့ ရည်ရွယ်ချက်ရှိပါတယ်။ မှန်ပါတယ်။ အားလုံးသိတဲ့အတိုင်းပါပဲ။ ကာယဆိုတာ ကိုယ်လက်လှုပ်ရှားအားကစား၊ ကျန်းမာရေးကောင်းဖို့၊ ကိုယ်ခံအားကောင်းဖို့၊ စိတ်လက်ပေါ့ပါးဖို့အပြင် ဇွဲကောင်းခြင်း၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ ဖြတ်ထိုးဉာဏ်ကောင်းခြင်း၊ တစ်ကိုယ်ကောင်းမဆန်ခြင်း၊ ညီညွတ်ခြင်းစတဲ့ ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာရော ကောင်းမွန်စေတဲ့ ကာယဖွံ့ဖြိုးဖို့လိုအပ်ပါတယ်။ ဉာဏဆိုတာကတော့ စာပေ၊ ဂီတ၊ အနုပညာ လေ့လာသင်ယူအားကောင်းဖို့၊ ဗဟုသုတအတွေးအခေါ်တွေ အားကောင်းဖို့၊ စဉ်းစားဆင်ခြင်တတ်ဖို့၊ အကြောင်းအကျိုးအကောင်းအဆိုးကို ခွဲခြားတတ်ဖို့၊ ဆက်စပ်တွေးတောဆင်ခြင်ကြံဆတတ်ဖို့အပြင် တီထွင်ဆန်းသစ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စာနာနားလည်တတ်ခြင်း၊ မျှဝေခံစားတတ်ခြင်း၊ ဖေးမကူညီတတ်ခြင်းစတဲ့ ဉာဏ်ပညာနဲ့

မေတ္တာတရားတွေ ဖွံ့ဖြိုးဖို့ လိုအပ်ပါတယ်။ စာရိတ္တဆိုတဲ့ စိတ်ပိုင်းဆိုင်ရာကို ကြည့်မယ်ဆိုရင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတွေရှိမယ်။ ကာယဉာဏတွေ ဖွံ့ဖြိုးတိုးတက်မယ်။ အခြေအနေကောင်းတွေနဲ့ ပတ်ဝန်းကျင်ကောင်းတွေရှိမယ်ဆိုရင် မိမိယုံကြည်ရာ ဘာသာတရား တွေရဲ့အဆုံးအမအောက်မှာ စာရိတ္တဆိုတဲ့အကျင့်သီလဟာ ကျွဲကူးရေပါဆိုသလို မလွဲမသွေကောင်းမွန်မှာ ဖြစ်ပါတယ်။ တတိယပိုင်းအနေနဲ့ ဆွေးနွေးလိုတာကတော့ အသင်းအဖွဲ့ဖွဲ့စည်းခြင်းဖြစ်ပါတယ်။ အရေးကြီးတဲ့ကိစ္စရပ်လည်း ဖြစ်ပါတယ်။ မြန်မာပြည်မှာပဲ ကြည့်ကြည့်၊ ကမ္ဘာမှာပဲကြည့်ကြည့် ဘယ်ကဏ္ဍမှာမဆို အသင်းအဖွဲ့တွေနဲ့ လုပ်ကိုင်ဆောင်ရွက်နေကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ အသင်းအဖွဲ့လို့ ဆိုလိုက်တာနဲ့ အဖွဲ့ဝင်တွေရှိမယ်။ ဦးဆောင်သူတွေရှိမယ်။ ခေါင်းဆောင်ရှိမယ်။ လိုက်နာရမယ့်စည်းမျဉ်း၊ စည်းကမ်းတွေရှိမယ်။ တာဝန်တွေရှိမယ်။ အကျိုးခံစားခွင့်တွေရှိမယ်။ ပြစ်မှုပြစ်ဒဏ်တွေရှိမယ်။ ရပ်ကွက်ထဲက သာရေးနာရေးအသင်းအဖွဲ့မှအစ စီးပွားရေးအသင်းအဖွဲ့များ၊ အသိပညာရှင်၊ အတတ်ပညာရှင်အသင်းအဖွဲ့များအလယ်၊ နိုင်ငံရေးပါတီများအဆုံး ဒီအခြေခံသဘောတရား တွေအရ ဖွဲ့စည်းတည်ဆောက်ကြရတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီနေရာမှာ အောင်မြင်တဲ့အသင်းအဖွဲ့မှသည် ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်ခုဖြစ်ဖို့ဆိုရင် ဒီမိုကရေစီကျင့်စဉ်တွေရှိရပါမယ်။ ကာယ၊ ဉာဏ၊ စာရိတ္တတွေ ဖွံ့ဖြိုးရှင်သန်နေရမှာဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်စဉ်ကောင်းတွေ၊ ကာယ၊ ဉာဏ၊ စာရိတ္တကောင်းတွေစတဲ့ အခြေခံကောင်းတွေမရှိတဲ့အသင်းတွေကို အသင်းအဖွဲ့တွေကို ကြည့်မယ်ဆိုလို့ရှိရင် အခြေအနေအချိန်အခါကို နားမလည်ခြင်း၊ ဥပဒေကို မလိုက်နာခြင်း၊ အဖျက်သဘောဆောင်တဲ့အပြုအမူတွေကို ဆောင်ရွက်ခြင်းစတာတွေကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဖွံ့ဖြိုးပြီးတိုင်းပြည်တွေရဲ့ပညာရေးစနစ်ကို ကြည့်မယ်ဆိုရင် ကျောင်းနေအရွယ်ကလေးအစကတည်းက စာပေသက်သက်သင်ကြားတာမဟုတ်ဘဲ သူတို့အခွင့်အရေးသူတို့သိပြီး ကာကွယ်တတ်ဖို့၊ သူတို့တာဝန်သူတို့သိပြီး တာဝန်ယူတတ်ဖို့၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိဖို့၊ ကောင်းမှုတစ်ခုခုကိုဆောင်ရွက်လိုက်တိုင်း မိမိကိုယ်ကိုယ်

ဂုဏ်ယူတတ်ဖို့၊ တစ်ပါးသူကိုလည်း အသိအမှတ်ပြုဂုဏ်ပြုတတ်ဖို့တို့ကို လေ့ကျင့်သင်ကြားပေးတာကို တွေ့ရှိရပါတယ်။ ကျောင်းတွင်း မဲပေးရွေးချယ်တဲ့ အလေ့အကျင့်များကိုလည်း သင်ကြားလာကြတာ တွေ့ရှိရပါတယ်။ အသင်းအဖွဲ့တစ်ခုမှာပဲဖြစ်ဖြစ်၊ နိုင်ငံတစ်ခုမှာပဲဖြစ်ဖြစ်၊ ခေါင်းဆောင်ကောင်းကို ရွေးချယ်တတ်ဖို့ အလွန်အင်မတန်မှ အရေးကြီးပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ပညာရေးစနစ်မှာလည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ သင်ရိုးညွှန်းတမ်းများရေးဆွဲပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေတာကို တွေ့ရှိရတဲ့အတွက် ဝမ်းသာမိပါတယ်။ ပညာရေးဆောင်ပုဒ်တစ်ခုရှိပါတယ်။ မိဘဆရာပူးပေါင်း ကလေးပညာကောင်းလို့ ဆိုပါတယ်။ ဒါပေမဲ့ ပူးပေါင်းရုံနဲ့တင် မလုံလောက်တော့ပါဘူး။ ဆရာ၊ မိဘအားလုံးဟာ ပြုပြင်ပြောင်းလဲဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ ပြောင်းလဲကျင့်သုံးလာတဲ့ပညာရေးစနစ်ကို အောင်မြင်ရန်အတွက် ပညာရေးဘတ်ဂျက်ကိုလည်း မှန်မှန်ကန်ကန်ခွဲဝေသုံးစွဲတတ်ဖို့ လိုအပ်ပါတယ်။ အဓိကနှင့် သာမညကိုလည်း ခွဲခြားတတ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဆရာဆရာမနဲ့ပညာရေးဝန်ထမ်းများကိုလည်း လုံလောက်စွာ ခန့်ထားပေးဖို့ လိုအပ်ပါတယ်။ ဆရာဆရာမများရဲ့သွားလာနေထိုင်မှု လိုအပ်ချက်များကိုလည်း ပံ့ပိုးကူညီဖို့လိုအပ်ပါတယ်။ သင်ထောက်ကူပစ္စည်းများ ကျောင်းတိုင်းရောက်ဖို့လိုအပ်ပါမယ်။ စာတွေ့၊ လက်တွေ့ဆက်စပ်ပေးဖို့လည်း လိုအပ်ပါမယ်။ အထူးအရေးကြီးတာကတော့ ဟန်ပြအားကစား၊ ဟန်ပြအနုပညာ၊ ဟန်ပြကွန်ပျူတာစတဲ့ ဟန်ပြတွေမဖြစ်ဖို့ အထူးဂရုစိုက်ရမှာ ဖြစ်ပါတယ်။ တစ်ချိန်ချိန်မှာ မလွဲမသွေနိုင်ငံ့တာဝန်ကို ပခုံးပြောင်းယူကြမယ့် မျိုးဆက်သစ်ကျောင်းသားလူငယ်များကို ဒီမိုကရေစီအကျင့်ကောင်းတွေ ရရှိဖို့၊ အကျင့်ကောင်းတွေ ခိုင်မာဖို့၊ စနစ်တကျမြေတောင်မြှောက်ပေးနိုင်ဖို့ လိုအပ်ပါကြောင်းဆွေးနွေးရင်း ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျွန်မ ဒေါ်မာမာခိုင်က ရွှေပြည်သာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်းရဲ့အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့အနာဂတ်ကျောင်းသားတွေနဲ့ ပတ်သက်ပြီး အကြံပြုဆွေးနွေးတင်ပြစရာရှိတာတွေကို အခုလိုဆွေးနွေးခွင့်ရတဲ့အတွက် အဆိုရှင်ကို အထူးကျေးဇူးတင်ရှိကြောင်း ပြောပါရစေ။ ဥက္ကဋ္ဌကြီးရှင်။ မိဘရင်ခွင်ကနေပြီးတော့ အသက်ငါးနှစ် နောက်ပိုင်းကစလို့ ကျောင်းဆိုတဲ့အသိုင်းအဝိုင်းတစ်ခုကို ကလေးတွေစရောက်ပါပြီ။ မိသားစု အသိုင်းအဝိုင်းနဲ့သာ ထိတွေ့ဆက်ဆံနေရာမှ ရွယ်တူတန်းတူအဖော်တွေနဲ့ တွေ့ဆုံကြရသလို ဆရာဆရာမတွေရဲ့ ဆုံးမသွန်သင်ပဲ့ပြင်မှုတွေနဲ့အတူ ပြင်ပလူ့အဖွဲ့အစည်းကို စတင်ထိတွေ့မှု၊ တစ်နည်းအားဖြင့် ကျောက်အရိုင်းတုံးလေးတွေကို စတင်ပုံဖော်ထုဆစ်မှု စတင်လာပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ကျောင်းသားတွေအတွက် လုံခြုံဘေးကင်းပြီးတော့ ကျန်းမာရေးနှင့်ညီညွတ်သန့်ရှင်းသော၊ အရည်အသွေးကောင်းမွန်တဲ့ သင်ယူမှုဝန်းကျင်ကောင်းဖြစ်အောင် ဖန်တီးပေးဖို့လိုအပ်တဲ့အတွက် ဒါကို နိုင်ငံတော်အစိုးရအနေနဲ့ အလေးအနက်ထားဆောင်ရွက်နေတာကိုလည်း အားလုံးအသိ ဖြစ်ပါတယ်။ အခြေခံပညာရေးရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ နိုင်ငံသားကောင်းများဖြစ်ထွန်း လာစေရေး၊ အတူတကွပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကောင်းတွေဖြစ်ပေါ်လာစေရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ ကလေးတွေဖြစ်လာစေရေး၊ ဆန်းသစ်တီထွင်ဖန်တီးတတ်တဲ့ ကလေးတွေဖြစ်လာစေရေး စတဲ့အဲဒီရည်ရွယ်ချက်တွေကို အောင်မြင်အောင်ဆောင်ရွက်ဖို့ဆိုရင် မိဘ၊ ဆရာ၊ ကျောင်းသား၊ ပညာရေးနှင့်ဆက်နွှယ်နေသူအားလုံး ပူးပေါင်းကူညီဖို့လိုပါတယ်။ ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေရစေဖို့ အချင်းချင်းစုပေါင်းပြီး အကြောင်းအရာတစ်ခုကို လေ့လာနိုင်ရန် အချက်အလက်စုဆောင်းခြင်း၊ စိစစ်လေ့လာအဖြေရှာခြင်း၊ ဆွေးနွေးခြင်းစတာ တွေကို ဆောင်ရွက်ဖို့အတွက်ဆိုရင်တော့ Teamwork လိုပါတယ်။ အဆိုရှင်ကလည်း Teamwork

ကို ကျောင်းသားတွေဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေရစေချင်တာလို့ နားလည်မိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခု လက်ရှိ အခြေခံပညာရေးကျောင်းတွေမှာလည်း ကျွန်မတို့ငယ်စဉ်ကလိုပဲ ကျောင်းကောင်စီသီချင်းကို ကလေးတွေနေ့တိုင်းဆိုနေဆဲပါ။ စောစောက ဆရာဦးမင်းသိန်း ဆွေးနွေးသွားသလိုပါပဲ။ အခုကတော့ အနော်ရထာဆိုတဲ့ အသင်းတစ်သင်းပိုလာတာပဲရှိပါတယ်။ ပြီးတော့ စည်းကမ်းကိုရိုသေမည်ဆိုတဲ့ စာသားနေရာမှာ ကျောင်းတွင်းဒီမိုကရေစီထူထောင်မည် ဆိုတဲ့ စာသားလေးကို အစားထည့်ထားတာဖြစ်ပါတယ်။ ဒါဟာ ယခုလက်ရှိအခြေအနေပါ။ အခု ဒီကျောင်းမှာဆိုလို့ရှိရင်လည်း အသင်းလိုက် ခေါင်းဆောင်တွေရွေးပြီး ဆောင်ရွက်ကြသလို အသင်း ခေါင်းဆောင်တွေကလည်း တစ်ခါ ကျောင်းကောင်စီအဖွဲ့ဝင်အဖြစ် ပြန်ရွေးပြီးတော့ ဆရာဆရာမ တွေနဲ့အတူ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နေပေမဲ့ အားနည်းချက်က ဘာလဲ ဆိုတော့ ဒီအသင်းတွေဟာ ကျောင်းသန့်ရှင်းရေးနဲ့ အားကစားလုပ်တာဆောင်ရွက်ကြပြီးတော့ ခုနက ကျွန်မဆွေးနွေးခဲ့တဲ့ အစုအဖွဲ့လိုက်လုပ်တဲ့ လုပ်ငန်းစဉ်တွေကိုတော့ အခြေခံပညာရေးရဲ့ အဓိကရည်မှန်းချက်နဲ့ ကျောင်းသားပညာရေး လက်တွေ့ဆောင်ရွက်ဖို့ လုပ်ငန်းစဉ်တွေအတိုင်း အကောင်အထည်ဖော်မဆောင်ရွက်နိုင်သေးတဲ့အတွက် ဒါကို စောင့်ကြည့်တည့်မတ်ထိန်းကျောင်းဖို့ လိုပါတယ်။ ဒါမှလည်း ကျောင်းကောင်စီသီချင်းမှာပါတဲ့အတိုင်း ကျောင်းတွင်းဒီမိုကရေစီထူထောင် မည်ဆိုတာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်လို့ နိုင်ငံအနေနဲ့ ပညာရေးကဏ္ဍကို လုံလောက်တဲ့ရန်ပုံငွေနဲ့ ဆရာဆရာမလိုအပ်ချက်တွေ ပံ့ပိုးပေးဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အသိပညာတွေကိုသင်ကြားပေးတဲ့ကျောင်းလို့ ဆိုလိုက်တဲ့အခါမှာ ပညာရေး ဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျောင်းတွေသာမကဘဲ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းတွေအပြင် ကာကွယ်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ စစ်တက္ကသိုလ်စတာတွေမှာပါ ပညာရည်နို့ကို သောက်စို့ နေကြတဲ့ ကျွန်မတို့နိုင်ငံရဲ့ မျိုးဆက်သစ်တွေအားလုံးကို ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေ

ရရှိစေဖို့ လိုအပ်ပါတယ်။ ကျောင်းကောင်စီသီချင်းမှာပါသလိုပဲ မိမိကိုယ်ကိုကောင်းအောင် ကြိုးစားပါမှ မိမိအတန်း၊ မိမိကျောင်း၊ မိမိရဲ့တိုင်းပြည်ကို ကောင်းအောင်ကြိုးစားနိုင်မှာ ဖြစ်ပါတယ်။ လုပ်ငန်းမှန်သမျှ စုပေါင်းဆောင်ရွက်တတ်ဖို့၊ ကိုယ်ကောင်းဖို့အတွက် တစ်ကိုယ်ကောင်းမဆန်ဖို့၊ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ်ကျိုးစွန့်တဲ့စိတ်ဓာတ်တွေဖြစ်လာစေဖို့ အလေ့အကျင့်ကောင်းတွေ နိုင်ငံအတွက် လိုအပ်လှပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဘယ်ကျောင်းကမဆို သင်ပေးလိုက်တဲ့ပညာရေးစနစ်ဟာ နိုင်ငံနဲ့ပြည်သူ အားလုံးအတွက် အကျိုးပြုစေတဲ့ ဒီမိုကရေစီဆန်တဲ့ သင်ကြားမှုတွေသာဖြစ်စေလိုပြီးတော့ လူတစ်စု၊ လူတစ်ဖွဲ့ကိုသာအကျိုးရှိစေမဲ့ ဝါဒမှိုင်းရိုက်သွင်းခြင်း၊ အမုန်းစကား ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု တွေနဲ့ ငြိမ်းချမ်းမှုဆီကို ထိခိုက်စေနိုင်သော ဒီမိုကရေစီစံချိန်စံညွှန်းတွေနဲ့မကိုက်ညီတဲ့ သင်ကြားမှု တွေမဖြစ်စေလိုပါဘူး။ ဘယ်ကျောင်းကမဆို သင်ကြားပေးလိုက်တဲ့ပညာရေးစနစ်ဟာ ဉာဏ်ပညာ အမြော်အမြင်ရှိဖို့အတွက် ဦးတည်မှုသာ ဖြောင့်မတ်မှန်ကန်ပြီးတော့ အများအကျိုးကိုရှေးရှုတဲ့ အသိအမြင်ဆုံးဖြတ်ချက်ရစေမှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ မျိုးဆက်သစ်လေးတွေကို ခေတ်စနစ် တစ်ခုအတွက်၊ လူတစ်စုတစ်ဖွဲ့အတွက် အသုံးချခံမဖြစ်ဖို့၊ မိမိကိုယ်ကျိုးနဲ့ မိမိတစ်စုတစ်ဖွဲ့ အကျိုးစီးပွားကိုသာ ကြည့်တတ်တဲ့ နိုင်ငံ့ခေါင်းဆောင်တွေမဖြစ်စေဖို့အတွက် ကျွန်မတို့ကလေးတွေ မအကြံရအောင်၊ စာသင်ကျောင်းမှန်သမျှ ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေရရှိအောင်၊ မိမိက စပြီးတော့ မိမိကိုယ်ကိုကောင်းအောင်၊ ကြိုးစားတတ်အောင် နိုင်ငံတော်အနေနဲ့ တွန်းတွန်း တိုက်တိုက်ကြပ်မတ်ဆောင်ရွက်ပေးပါလို့ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဉာဏ်လင်း၊ ရွှေပြည်သာမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်ဦးဝင်းမော်ထွန်းက ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဉာဏ်လင်းမှ တင်သွင်းတဲ့အဆိုဖြစ်သော နိုင်ငံတော်၏မျိုးဆက်သစ်လူငယ်များအား ဒီမိုကရေစီအလေ့အကျင့်ကောင်းများခိုင်မြဲစွာရရှိစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏ အခြေခံနှင့်အဆင့်မြင့်ပညာရေးကျောင်းများတွင် အခြေခံအသင်းအဖွဲ့များသတ်မှတ်ဖွဲ့စည်း၍ အသင်းအဖွဲ့အလိုက် အတန်းကိုယ်စားလှယ်များ၊ ကျောင်းကိုယ်စားလှယ်များမှသည် ကျောင်းကောင်စီအထိ ဒီမိုကရေစီနည်းကျအဆင့်ဆင့်ရွေးချယ်ဖွဲ့စည်း၍ ကိုယ်တိုင်ပါဝင်ဆောင်ရွက်သည့် စနစ်တစ်ရပ်ကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစ၍ အကောင်အထည်ဖော် စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းကောင်စီနှင့်ကျောင်းကောင်စီအသင်းများ ဖွဲ့စည်းခြင်းသည် ယခင်နှစ်ပေါင်းများစွာကတည်းက ဆောင်ရွက်ပြီးဖြစ်သောလုပ်ငန်းဖြစ်ပါတယ်။ ယခင်ကအဆင့်ဆင့်ဆောင်ရွက်ခဲ့သော ကျောင်းကောင်စီလုပ်ငန်းများကို မဏ္ဍိုင်ပြု၍ ယခုအခါကျောင်းကောင်စီအဖွဲ့ဖွဲ့ခြင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဒီမိုကရေစီ ကျင့်စဉ်ကိုလိုက်နာသည့် နိုင်ငံသားကောင်းသမီးကောင်းများ၊ အများကောင်းကျိုး ဆောင်ရွက်လိုသည့် လူငယ်မောင်မယ်များ၊ ဘက်စုံပညာရည်ထက်မြက်ထူးချွန်

သည့် ကျောင်းသားကျောင်းသူများဖြစ်ပေါ်လာရေးကို ရည်မှန်း၍ခေတ်နှင့်အညီလိုအပ်သလို မွမ်းမံပြင်ဆင် ဖြည့်စွက်ချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာဦးစီးဌာနရှိ အခြေခံပညာကျောင်းများတွင် ကျောင်းကောင်စီဖွဲ့စည်းရခြင်းကို ရည်ရွယ်ချက်လေးခုနဲ့သာဆောင်ရွက်နေကြောင်း တင်ပြအပ်ပါတယ်။ စောစောကကိုယ်စားလှယ်တော်ကြီးများ တင်ပြရာမှာလည်း အသီးသီးတင်ပြကြပြီးဖြစ်ပါတယ်။ (၁) အချက်အနေနဲ့ အခြေခံပညာကျောင်းများ၌ ကျောင်းကောင်စီကိုဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊ (၂) ကောင်းမွန်သာယာညီညာပျော်ရွှင်တိုးတက်ဖွံ့ဖြိုးသော ကျောင်းတစ်ကျောင်းဖြစ်လာစေရန်၊ (၃) ဒီမိုကရေစီကျင့်စဉ်နှင့်အညီ မှန်ကန်သောအတွေးအခေါ်၊ အကျင့်အကြံ၊ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်စသည့် ကောင်းမွန်သောအလေ့အထများရရှိထွန်းကားစေရန်၊ (၄)က ကျောင်းသား ကျောင်းသူတစ်ဦးစီ၏ အထုံ၊ ဗီဇ၊ ဝါသနာကောင်းများထွန်းကားလာရေးကို ပျိုးထောင်လေ့ကျင့် အားပေးရန်နှင့် အသင်းအတွင်းတစ်ဦးချင်းဖြစ်စေ၊ အသင်းအချင်းချင်းဖြစ်စေ ကြုံတွေ့ရသည့် အခက်အခဲပြဿနာများကို စုပေါင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်တတ်စေရန်ဆိုတဲ့ မွန်မြတ်တဲ့ ရည်ရွယ်ချက်တွေထားရှိပါတယ်။ ဒီကျောင်းကောင်စီဖွဲ့စည်းခြင်းကို နှစ်စဉ်ဇူလိုင်လ အမှန်အားဖြင့် ကျောင်းဖွင့်ပြီး ဒုတိယမြောက်လမှာ ဖွဲ့စည်းဆောင်ရွက်လေ့ရှိပါတယ်။ ကျောင်းကောင်စီရဲ့ သက်တမ်းမှာလည်း ဖွဲ့စည်းဆောင်ရွက်သည့်ပညာသင်နှစ်တစ်နှစ် ဖြစ်ပါတယ်။ ကျောင်းကောင်စီ များကို အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလဆိုပြီး အသင်းငါးသင်း ခွဲပြီးဆောင်ရွက်ပါတယ်။ ဒီကျောင်းကောင်စီငါးသင်းဖွဲ့စည်းပြီး တန်းခွဲအလိုက် အသင်းခေါင်းဆောင် များကိုလည်း ရွေးချယ်တင်မြှောက်ပြီး အတန်းတွင်း အသင်းခေါင်းဆောင်ငါးဦးထဲမှ အရည်အသွေးရှိသူကို အများရဲ့မဲဆန္ဒအရ အတန်းခေါင်းဆောင် အဖြစ်ရွေးချယ်တင်မြှောက်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းကောင်စီ ငါးသင်းမှာ

တစ်ကျောင်းလုံးရှိဆရာဆရာမများဦးရေ အညီအမျှဖြင့်ပါဝင် ဖွဲ့စည်းပြီး ၎င်းတို့ထဲမှ အသင်းတာဝန်ခံဆရာဆရာမများကိုရွေးချယ်တင်မြှောက်၍ ဆောင်ရွက် နေပါတယ်။

ကျောင်းကောင်စီအသင်းဝင် ကျောင်းသားကျောင်းသူများနဲ့ဆရာဆရာမများ၊ အတန်းလိုက် အသင်းခေါင်းဆောင်များ၊ အသင်းတာဝန်ခံများ၊ အတန်းကိုယ်စားလှယ်များကို အဆင့်ဆင့်တာဝန်ပေး ရွေးချယ်တင်မြှောက်ပြီး ကျောင်းကောင်စီအမှုဆောင်အဖွဲ့ကို အခြေခံပညာအထက်တန်းကျောင်း အတွက် ဦးရေ ၂၀ ဦးနှုန်း၊ အခြေခံပညာအလယ်တန်းကျောင်းအတွက် ဦးရေ ရှစ်ဦးနှုန်းဖြင့် ဖွဲ့စည်း ဆောင်ရွက်ပြီး ကျောင်းကောင်စီရဲ့ဥက္ကဋ္ဌသည် ကျောင်းအုပ်ကြီးမှတာဝန်ယူဆောင်ရွက်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းကောင်စီရဲ့ဆောင်ပုဒ်မှာ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်၊ စုပေါင်းညီညာ အောင်ကြောင်းဖြာတို့ ဖြစ်ပါတယ်။ ဒီကျောင်းကောင်စီအသင်းငါးသင်းမှ ကျောင်းကောင်စီအလုပ်အမှုဆောင်အဖွဲ့ကို အဆင့်ဆင့်ရွေးချယ်တင်မြှောက်ပြီးစီး၍ သက်ဆိုင်ရာ ကျောင်းကောင်စီအမှုဆောင်အဖွဲ့ကိုရွေးချယ်ပြီး ကျောင်းကောင်စီကတိသစ္စာခံယူပွဲအစီအစဉ်ကို အခမ်းအနားဖြင့်ကျင်းပပြီး ကျောင်းကောင်စီနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ အားလုံးသည် ကျောင်းကောင်စီကတိသစ္စာလေးချက်ကို ခံယူရပါတယ်။ ဒီကတိသစ္စာလေးချက် အနေနဲ့ မိမိကိုယ်ကိုကောင်းအောင်ကျိုးစားမည်၊ မိမိအတန်းကိုကောင်းအောင်ကျိုးစားမည်၊ မိမိ ကျောင်းကိုကောင်းအောင်ကျိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကျိုးစားမည်ဆိုတဲ့ ကတိသစ္စာပြုရပါတယ်။

ကျွန်တော်တို့အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၅ ခုနှစ် ဇွန်လမှာ ပြဋ္ဌာန်းတဲ့ ပုဒ်မ ၅၈ ပုဒ်မခွဲ(ခ)မှာလည်း ပညာရေးဝန်ကြီးဌာန၏ မဟာဗျူဟာမြောက်မူဝါဒများနှင့် ယင်းတို့ကိုအကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း၊ ပညာရေးနှင့် သက်ဆိုင်ရာသည့်ဥပဒေ၊ နည်းဥပဒေများနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ရေးဆွဲရမယ်။ ကျောင်းသားကိုယ်စားလှယ်များပါဝင်ရမည်လို့လည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဲဒီတော့

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ မျိုးဆက်သစ်လူငယ်လူရွယ်များကို ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ခိုင်မြဲစွာရရှိစေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုး တိုးတက်စေရန် အခြေခံပညာကျောင်းများတွင် အခြေခံအသင်းအဖွဲ့များ သတ်မှတ်ဖွဲ့စည်းပြီး အသင်းအဖွဲ့အလိုက် အတန်းကိုယ်စားလှယ်များ၊ ကျောင်းသားကိုယ်စားလှယ်များမှ ကျောင်းကောင်စီထိ ဒီမိုကရေစီနည်းကျကျ အဆင့်ဆင့်ရွေးချယ်ဖွဲ့စည်းပြီး ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သည့် ဒီမိုကရေစီစနစ်တစ်ရပ်ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ကျောင်းကောင်စီဖွဲ့စည်းခြင်း လက်စွဲစာအုပ်များဖြန့်ဝေပြီး အဲဒီလက်စွဲစာစဉ်ပါ လုပ်ငန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ့အတွက် ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ကတည်းကဆောင်ရွက်ခဲ့ပြီး နည်းလမ်းကျင့်စဉ်များဖြစ်သဖြင့် ကိုယ်စားလှယ်တော်ကြီးရဲ့ နိုင်ငံတော်၏ မျိုးဆက်သစ်လူငယ်လူရွယ်များအား ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ခိုင်မြဲစွာရရှိစေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏အခြေခံနှင့် အဆင့်မြင့်ပညာရေးကျောင်းများတွင် အခြေခံအသင်းအဖွဲ့များ သတ်မှတ်ဖွဲ့စည်း၍ အသင်းအဖွဲ့အလိုက် အတန်းကိုယ်စားလှယ်များ၊ ကျောင်းကိုယ်စားလှယ်များသည် ကျောင်းကောင်စီအထိ ဒီမိုကရေစီနည်းကျကျ အဆင့်ဆင့်ရွေးချယ်ဖွဲ့စည်း၍ ကိုယ်တိုင်ပါဝင်ဆောင်ရွက်သည့်စနစ်တစ်ရပ်ကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစ၍ အကောင်အထည်ဖော်စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ကျွန်တော်တို့ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ကိုက်ညီတဲ့အတွက် ဒီအဆိုအား ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ ထောက်ခံတာတော့ဟုတ်ပြီ။ သဘောထားက အတည်ပြုသလား၊ အတည်မပြုဘူးလား၊ မှတ်တမ်းတင်စောင့်ကြည့်သလား။ ဘယ်ဟာကို ဆိုလိုပါသလဲ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ အဆိုပါရည်မှန်းချက်လုပ်ငန်းများအားလုံးသည် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်နေတဲ့လုပ်ငန်းများနဲ့ကိုက်ညီတဲ့အတွက် အဆိုကို အတည်ပြုပေးပါရန် ထောက်ခံတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးညဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးနှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ အဆိုရှင် ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကျွန်တော် ဦးညဏ်လင်းအနေနဲ့ ပဏာမတင်ပြလိုတာက ကျွန်တော်အဆိုပြုတဲ့အခါကတည်းကိုကအနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားဆိုပြီးတော့ နိုင်ငံ့ခေါင်းဆောင်တွေပါရဲ့သားနဲ့ စတုတ္ထမြန်မာနိုင်ငံတော်ကို တည်ဆောက်တယ်လို့ ပြောလို့ရတဲ့။ ဗိုလ်ချုပ်အောင်ဆန်းရဲ့နာမည် ဘာကြောင့်မပါသလဲ။ ဒီကိစ္စလေးကိုလည်း ကျွန်တော်တို့ မေးခွန်းထုတ်စရာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ပတ်သက်တဲ့သဘောထားပဲပြောပါ။

**ဦးညဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော့်ရဲ့သဘောထားနဲ့ပတ်သက်ပြီးတော့ Power Point ဖြင့် တင်ပြခွင့်ပြုရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ဟာဒီအဆိုကိုတင်တဲ့အခါမှာ ကျွန်တော် လေးလေးနက်နက်လေ့လာပြီးတော့မှ၊ ကျောင်းတွေကိုလည်းပဲသွားရောက်ပြီးတော့ လေ့လာပြီးတော့မှ ကျွန်တော်တင်ရခြင်းဖြစ်ပါတယ်။ ဒီပုံကတော့ ကမ္ဘာ့နိုင်ငံရေးအတွေးအခေါ်ပညာရှင် Francis Fukuyama ရေးသားထားတဲ့ The End of History and The Last Man ကို ဆရာနိုင်ဦးဘာသာပြန်ထားတဲ့ သမိုင်းနိဂုံးနဲ့နောက်ဆုံးလူသား ဖြစ်ပါတယ်။ ဒီပုံကတော့ ကမ္ဘာ့နိုင်ငံရေးသိပ္ပံပညာရှင် Samuel P. Huntington ရေးသားသည့် The Third Wave ကို ဆရာဇင်ဝေသော်မြန်မာပြန်ထားတဲ့ တတိယလှိုင်း ၂၀ ရာစုနှောင်းပိုင်း ဒီမိုကရေစီအကူးအပြောင်း အပိုင်း(၂)ဖြစ်ပါတယ်။

ဒီပုံကတော့ ဂါးဒီးယန်းဦးစိန်ဝင်း မြန်မာနိုင်ငံရဲ့အကျော်အမော် နိုင်ငံရေးသမား၊ သတင်းစာဆရာကနေပြီးတော့ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ဆန့်ကျင်သွေဖည်သွားစေတဲ့ အကွဲအပြဲဇာတ်လမ်း The Split of Story ဖြစ်ပါတယ်။ ဒီပုံလေးကတော့ ခုနက Fukuyama ရေးတဲ့စာအုပ်မှာ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ အဆိုနဲ့ပတ်သက်တဲ့သဘောထားပဲပြောပါ။ အဆိုကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ အခုလုပ်ထုံးလုပ်နည်းအရ မေးမြန်းခြင်းဖြစ်ပါတယ်။ အဆိုရှင်ရဲ့သဘောထားပဲပြောပါ။ ကျန်တဲ့ဟာတွေချဲ့ကားပြီးမပြောပါနဲ့။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါခင်ဗျ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့က ကျွန်တော်တို့နိုင်ငံတော်အနေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးစတဲ့ အဘက်ဘက်မှ တိုးတက်စေလိုတဲ့ မေတ္တာစေတနာနဲ့ ဒီအဆိုကိုတင်သွင်းခဲ့ခြင်းဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တင်ပြတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများမှ အတည်ပြုပေးပါရန် အလေးအနက်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ ဦးဉာဏ်လင်း၊ ရွှေပြည်သာမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ကိုးဦးကဆွေးနွေးပြီး ပညာရေးဝန်ကြီးဌာနက အဆိုအားအတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါ့ကြောင့် ဒီအဆိုနဲ့စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးညာဏ်လင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနဲ့ ယနေ့အတွက်အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နာရီအချိန်တွင်ရပ်နားပါသည်။]

**မှုကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၄.၇.၂၀၂၀) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Sein Myint | U Win Maw Tun




U Nyan Hein | U Win Maw Tun





U Win Win | U Win Maw Tun




Dr Kyaw Linn | U Tun Tun Naing




Dr Kyaw Linn | U Nay Linn Aung





Dr Kyaw Linn | Daw Ni Ni May Myint

-

pyithu.hluttaw.mm



Dr Kyaw Linn



Dr Zaw Win Myint

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်